mgyee.com

စိတ်ကူးချိုချိုအနုပညာ

# သေး
# မင်းခွေ ဝ

ဒုတိယအကြိမ်

mgyee.com

mgyoe.com

မုန်ပါတယ်ဆို ဘယ်လိုပင် ကျိန်ဆဲ
ကြောင်းကုန်မှ ကွဲ၊
ချစ်ပါတယ်ဆို ဘယ်လိုပင် ဆုတောင်း
ကြောင်းဆုံမှ ပေါင်း။

နာမည်နှင့်ဓားတို့၏ဖန်တီးရှင်က ရေးသားခဲ့ပြီး
ဖတ်မိသူတိုင်းက သတိတရရှိနေသော်လည်း
ယခုအခါ တိမ်မြုပ်နေသည့်
ဝတ္ထုကောင်းတစ်အုပ်။
**မင်းဆွေ ၏ သွေး**

UMS0003
2,500.00 KS

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၅၊ ဧပြီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

သွေး
မင်းသွေ၊ -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၅၊
စာမျက်နှာ ၃၃၆ မျက်နှာ၊ ၁၀ စင်တီ× ၁၆ •၅ စင်တီ
(၁) သွေး

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# သွေး

မင်းဆွေ

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း (၁)

“ယမုံနာ ... သိတာ သောင်ခြေဦးမှာလလေ၊ သနား ဖွယ် လူ့နှယ်ခေါ်သံထူးလို့လေး၊ ကြည်နူးဖွယ် ... မယ့် တစ်ကိုယ် ... ရွှေဟင်္သာမောင်နှံ ငှက်ကယ်တို့၊ ကြင်ဖော် ကြင်ဖော်ဘက်ကဲ့သို့ တူပျော်ပျော်လေ ... ဘယ်ခါမှ စက် ရပ့်၊ လည်ယှက်ခါ သူတို့လို။ မ ဖိုခေါ်သံ၊ လူ့နှယ် သူ့ဟန်၊ ဖော်ကွာသူ ဆွေး ... စေ ... ဖို့ဖန်၊ သဲတဲ့ သဲ ငွေလျှံ၊ ဝဲတဲ့ ဝဲကာပျံ၊ အို ... ငါးကြင်းတွေ ... ဆန်၊ ငါးတန်တွေ သောင်ရေစီးမှာလှ။ ကိုတံငါ လှေယဉ်ဆီး ပါလို့၊ ပိုက်ကြီးကို ရေချ ... လာ။ ဒေါင် ... ဒင်ငယ်... သံသာသာနှင့်၊ တံငါလှေလောင်းဆင်း။ အို ... နဒီတွင်း မှာလ နှင်းငွေဆော်။ ချမ်းလို့တုန် မလုံကွေးတယ်။ ကိုယ်ရေးကြုံတွေ့နော် ...။ တပေါင်းတန်ခူး၊ မိုးသား ကြူး လေရူးလေဆော်လာပုံ၊ နဒီတွင်းမှာလှ၊ ရွှေငါးကြင်း ငယ်တို့ ပိုက်တွင်းမှာ သူတို့ခုန်၊ လွမ်းလေပူပုံ ပူပုံပွား ပါလို့၊ အားကကုန်၊ လွမ်းလေပူပုံ ပူပုံပွားပါလို့ အားက

mgyoe.com

mgyoe.com



ကုန်။ သောင်ယံမှာ မောင်နှံငှက်ကယ်တို့၊ လည်ချင်း ယှက်ပါလို့ နွဲ့ကာပျော် ဆွေးစေဖို့ဖန်၊ ကြင်ဖော်မဲ့သူတို့ ဝဲကာပျံတယ်။ သည်သောင်ယံ မခွာရက်တယ် ကြံခက် လို့ပန်း ...”

စန္ဒရားကြီးကို ပိုင်နိုင်စွာတီးရင်း စည်းဝါးကျကျ သီဆိုလိုက်သော သာယာချိုအေးသည့်သီချင်းသံကလေး သည် ရန်ကုန်မြို့ ကန်တော်ကြီးနံဘေးတစ်လျှောက်ကို ကွေ့ကောက်ဝန်းရံနေသည်။ ဂုဏ်အသရေရှိ အထက် တန်းစားများနေထိုင်ရာ ပတ်(က)လမ်းကလေးအား မူလ ရှိရင်း သာယာကြည်နူးဖွယ်ကောင်းခြင်းကို ကူညီဖြည့် စွက်နေသကဲ့သို့ရှိ၏။

ထိုနေရာတစ်ဝိုက်၌ အိမ်ခြေများစွာမရှိ။ ကန်တော် ကြီး၏ သာယာစိုပြည်ခြင်းကိုလည်းကောင်း၊ ရေပြင်ပေါ် ဝဲပျံတိုက်ခတ်လာသော လေကောင်းလေသန့်များကို လည်းကောင်း ငေးစိုက်ရှုရှိုက်နေသည်နှင့်မခြား ခန့် ညားထင်ပေါ်သည့် တိုက်ဖြူကြီးနှစ်လုံးမှာ သူ့ခြံနှင့်သူ့ ဝင်း သန့်ရှင်းစင်ကြယ်စွာ မားမားကြီးရပ်နေကြ၏။

သို့သော် သည်ခြံစည်းရိုးနှစ်ခုမှာ တစ်ခုနှင့်တစ်ခု မနီးလှ၊ ဝါးတစ်ပြန်လောက် ကျယ်ဝန်းသည့် တောင် ပူစာကုန်းမြင့်ကလေးတစ်ခုသည် နယ်ခြားသဖွယ် သတ် မှတ်ထားလျက်ရှိ၏။

လက်ယာဘက်တိုက်၌ တစ်စုံတစ်ရာ အမှတ်အသား မရှိ၊ လက်ဝဲဘက်တိုက်၏ ခြံဝင်း၌မူ (ဦးရွှေလှ I.So. K.

mgyoe.com

mgyoe.com


S. M အငြိမ်းစား စမော်ကော် တရားသူကြီး) ဟူသော ဆိုင်းဘုတ်ကလေးတစ်ခုရှိ၏။ ထိုဆိုင်းဘုတ်ကလေး၏ ပိုင်ရှင်များပြောင်းရွှေ့လာသည်မှာ မကြာသေးသောကြောင့် လက်ယာဘက်တိုက်အကြောင်းကို မသိရသကဲ့သို့ လက်ယာဘက်တိုက်မှလည်း လက်ဝဲဘက်တိုက်၏အကြောင်းကို တစ်စုံတစ်ရာ မသိခဲ့ရချေ။ သို့သော် ... မူလနေထိုင်သူ လက်ယာဘက်တိုက်ကြီးတွင် သားနားလုပ အသက် ၂၈–၃၀ မျှရှိမည့် ယောက်ျားပျိုတစ်ယောက် ခြံတွင်း၌ မကြာ ခဏလမ်းလျှောက်နေသည်ကို မြင်ရသကဲ့သို့ပင် လူသစ်များဖြစ်သော လက်ဝဲဘက်တိုက်၌လည်း သန့်သန့်ပြန့်ပြန့် ဖြူဖြူတင်းတင်း အသက် ၂၀ အတွင်းရှိမည် ထင်ရသော မိန်းမပျိုကလေးတစ်ယောက်ကို သတိနှင့် ကြည့်လျှင် တွေ့မြင်နိုင်၏။

သီတာသောင်ခြေပတ်ပျိုးကလေးကို စန္ဒရားနှင့် ရောထွေးသီဆိုနေသော အသံမှာလည်း လက်ဝဲဘက် တိုက်ကြီးပေါ်မှပင်ဖြစ်ရာ တပေါင်း တန်ခူး ... မိုးသားကြူး ... ဟူသော အပိုဒ်ကလေးနှင့်ဆီလျော်စွာ ထိုအချိန်သည် တပေါင်းကူးစ တန်ခူးလဖြစ်သောကြောင့် ကောင်းကင်တပြင်လုံး မိုးသားတိမ်လိပ်တွေဖုံးပြီး တစ်ခါတစ်ရံ ထစ်ချုန်းစပြုသောအခါဖြစ်လေ၏။

ထိုအခိုက် တစ်ပတ်ရစ် ကိုယ်ပိုင်ကားကလေးတစ်စီးသည် ခြံပေါက်တွင်းသို့ တောက်လျှောက်ပြေးဝင်လာပြီး ကားပေါ်မှ မိန်းမပျိုတစ်ယောက် ဆင်းလိုက်လျက်

mgyoe.com

mgyoe.com

"ခင်မြမြ ... ခင်မြမြ" ဟု အပေါ်သို့မော့ကြည့် အော်ခေါ်ကာ အပေါ်ထပ်သို့ အပြေးကလေး တက်၍သွားလေ၏။

"ခင်မြမြ တော်တော်လက်တိုးနေပါကလား" ဟု ပြောပြောဆိုဆို စန္ဒရားတွင် စိတ်ဝင်စားနေပုံရသော မိန်းမပျိုအား နောက်မှ သိမ်းဖက်လိုက်ရာ ခင်မြမြဆိုသူ မိန်းမပျိုသည် လန့်ဖြန့်သွားသကဲ့သို့ ရုတ်တရက်လှည့်ကြည့်ပြီး

"အမယ် ... မထားမှူ၊ ခုမှပဲ လာတော့တယ်နော်။ မြဖြင့် မျှော်လိုက်ရတာ" ဟု ဝမ်းသာအားရ ပြန်ဖက်လိုက်သည်နှင့်

"ခင်မြမြ တော်တော် လက်တိုးနေတယ်၊ သိပ် နားထောင်ကောင်းတာပဲ။ ပြီးတော့ အဆိုကလေးကလည်း ပိုင်ပိုင်နိုင်နိုင်ရှိလိုက်တာ ..." ဟု ရယ်ရယ်ပြုံးပြုံးပြောကာ စန္ဒရားနား ထိုင်လိုက်သဖြင့်။

"ဒါတော့ မထားမှူ အရမ်းမြှောက်တာပဲ။ ခုမှ ကားနဲ့ ကမန်းကတန်းရောက်လာတာ မဟုတ်လား။ ဘယ်ကများ ကြားပါလိမ့်မလဲ"

"ကြားပြီလား မြရဲ့။ ထား ... ဟိုဘက်တိုက်ကြီးပေါ်ရောက်နေတာ တစ်နာရီကျော်ကျော်လောက်ရှိပြီ။ ထားက အစအဆုံး နားထောင်နေတာ။ စင်စစ် လာရင်းစွဲက ခင်မြမြတို့ ကန်တော်ကြီးစောင်း ပြောင်းသွားတာ အလည်အပတ်သွားဦးမှဆိုပြီး လေညှင်းခံရင်း ထွက်လာတာပေါ့။ ဒါပေမဲ့ ကိုယ့်အမျိုးအိမ်နားဖြစ်နေတော့ ဟိုကို

mgyoe.com

mgyoe.com

အရင်မဝင်ရင် မတော်ဘူးဆိုပြီး ဝင်နေရတော့တာပဲ။ အို မြတို့ ချာချီလမ်းက ပြောင်းသွားကတည်းက ကျွန်မစိတ်ထဲ ပျင်းတွဲ့တွဲ့ကြီးဖြစ်နေတာပေါ့"

"နေစမ်းပါဦး ... ဟိုဘက်တိုက်ကြီးဟာ မထားမူရဲ့ ဆွေတော်မျိုးတော်တဲ့လား။ အခု ဟိုကလာတာနော်။ ဒီလိုဆိုရင် ဒီနေရာ တစ်စုတစ်ရုံးလာနေကြရင် ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲလို့။ မြတော့ သိပ်ဝမ်းသာမှာ ..."

"ကဲပါ ... တစ်ပုဒ်လောက် တီးလည်းတီး၊ ဆိုလည်းဆိုစမ်းပါဦး။ အမယ် ... စန္ဒရားကြီးက အသစ်ထင်ပါရဲ့။ အရင်ဟာကော ..."

ထားမူသည် စန္ဒရားကြီးကို လက်ညှိုးကလေးဖြင့် စမ်းသပ်ကြည့်ရှုနေသောကြောင့် ခင်မြမြက စန္ဒရားဘက်လှည့်လိုက်ရင်း

"အရင်ဟာ ၃၅ဝိ နဲ့ ရောင်းလိုက်ပြီ။ ဒီဟာ ကိုကိုတင် အင်္ဂလန်က ဝယ်ပို့လိုက်တာ။ ဒီကိုလည်းပြောင်းရော ဒီဟာကြီးလည်း ရောက်လာတာပဲ။ ဒါကြောင့် အဟောင်းကို ပေါပေါနဲ့ ရောင်းပစ်လိုက်တာပေါ့။ သူ့စာထဲတော့ ဒီဟာ ၁၀၀၀ လောက်တန်တယ် ပြောတာပဲ"

"သြော် ... မြရဲ့ ကိုကိုတင်က သိပ်အလိုလိုက်တာပဲနော်။ ဟိုမှာ ပညာမှ ကောင်းကောင်းသင်ပါလေစ။ ဒါထက် သူ မကြာဘူး ပြန်လာတော့မယ်ထင်ပါရဲ့"

mgyoe.com

mgyoe.com


"ဟုတ်တယ် ... အလွန် ၃လ ဆိုပါတော့။ ကဲလေ ဘာသီချင်းနားထောင်မလဲ၊ မြ တီးပြပါ့မယ်" ဟုပြောကာ ခင်မြမြသည် စန္ဒရားနား တိုးကပ်ပြီး ဖြူဖွေးသေးသွယ်သော လက်ချောင်းကလေးများဖြင့် တို့စမ်းလိုက်လျှင်

"နေဦး မြရဲ့ ... လွမ်းပိုအောင်တို့၊ ပူပုံပန်းတို့တော့ မဆိုပါနဲ့။ ဟို ရေနံ့သာဦးဆိုတာကလည်း မယ့်ကို သေစေညွှန်းရှေ့သလားဆိုတာတွေ ပါနေတယ်"

"ဒါတွေပါ ဘာပြုသလဲ မထားမူ။ စပ်တဲ့လူက စပ်ထား မင့်ဟာ ဒါတွေဟာ ဂီတမှာ အရသာအရှိဆုံးပေါ့"

"ဟုတ်ပါတယ် ... ဒါပေမဲ့ ဟိုဘက်တိုက်က ကိုကိုမြင့်က မကြိုက်ချင်ဘူး။ မြ စန္ဒရားတီးသံကြားတော့ သြော် ... ဟိုဘက်တိုက်ကြီးပေါ် စန္ဒရားရှိသကိုးတဲ့။ ခုနက မြဆိုနေတဲ့ပတ်ပျိုးမှာ 'ဖော်ကွာသူ ဆွေးစေဖို့ဖန်' နဲ့၊ 'လွမ်းလေပူပုံ အားကကုန်' ဆိုတာတွေ ပါနေတယ် မဟုတ်လား။ အဲဒါကို သူက အပြစ်တင်တယ်။ ဗမာတွေ ဒီလိုမင်္ဂလာမရှိတာ သိပ်ကြိုက်တာပဲတဲ့၊ တီးစရာ ဆိုစရာ ရှားလို့လားတဲ့။ ဆွေးတာတွေ ပူတာတွေ ပန်းတာတွေ ဆိုကြလွန်းလို့ ဗမာလူမျိုးတွေ အခုအခါ ဆွေးနေ ပူနေ ပမ်းနေကြတာပဲတဲ့။ ဒါပေမဲ့ မြကို မရှုတ်ချဘူး။ ဗမာတွေ ကြိုက်တတ်တဲ့ဝါသနာကိုပြောတယ်။ အသံနဲ့ တီးပုံ မြကို အတော်ချီးမွမ်းတယ်။ အေးလေ ... အခု ကျွန်မ ခိုင်းတာလည်း ဟိုဘက်တိုက်က ကျွန်မအစ်ကို တော် ကိုမြင့်ပါ စိတ်ပါပါ နားထောင်စေချင်လို့ပေါ့"

mgyoe.com

mgyoe.com

ခင်မြမြသည် လက်ကလေးများ ရုတ်သိမ်းလျက် ထားမှူ၏မျက်နှာကို ငေးစေ့ကြည့်ကာ နားထောင်နေရာမှ

"သူက ဘာတုန်း ... ဘယ်လိုသီချင်းမှ နားထောင်ချင်သတဲ့လဲ"

"ဘာရယ်လို့မဟုတ်ပါဘူး ... သူက ထီးဘွဲ့၊ နန်းဘွဲ့၊ ဘုန်းတော်ဘွဲ့တွေဆိုရင် ကြိုက်တာပဲ"

"အမယ် ... ဒါဖြင့် အထက်တန်းကျကျသီချင်းတွေမှ မထားမှူအစ်ကိုက နားသောတဆင်ခြင်တဲ့ ဝါသနာရှိတယ်ဆိုပါတော့"

"ဝါသနာရှိရုံဘယ်ကမလဲ၊ သူက တူရိယာနဲ့ပတ်သက်ရင် ရှေးသီချင်းတွေ အရည်ကျိုသောက်ထားတဲ့ လူတစ်ယောက်ပဲ။ သူ့ဆီ စန္ဒရားလည်း ရှိတာပဲ"

"ဩော် ... သူ့ဆီလည်း ရှိသလား။ ဘာပြုလို့ မတီးပါလိမ့်မလဲ။ ဒါဖြင့် သူ ကောင်းကောင်းတတ်မပေါ့နော်"

"တစ်ခါတလေ ကြားရပါလိမ့်မယ်။ သူ့စန္ဒရားကြီး အခုလို ဒီပြတင်းပေါက်နဲ့တည့်တည့် ဒီဘက် မျက်နှာချင်းဆိုင် လှည့်ထားတာပဲ။ စောင်းကောက်ကြီးကတော့ အပေါ်တည့်တည့် စင်ရိုက်ပြီး ကတ္တီပါအဝတ် ဖုံးတင်ထားတယ်"

ခင်မြမြမှာ စင်စစ်အားဖြင့် ရှေးသီချင်းကြီး ၁၄-၅ ပုဒ်ကို ဆိုနိုင်တီးနိုင်ရုံမှတစ်ပါး များစွာ မကျွမ်းကျင်လှ

mgyoe.com

mgyoe.com


ချေ။ တစ်ဖက်တိုက်ကြီးရှိ ကိုမြင့်ဆိုသူမှာ မိမိနှင့် တစ်စုံတစ်ရာ မပတ်သက်သည့်တိုင်အောင် ထားမှုပြောပြချက်အရ ဝါသနာတူချင်းဖြစ်ရုံမျှမက တူရိယာနှင့်ပတ်သက်လျှင် အရည်ကျိုသောက်ထားသူတစ်ယောက်ဟု ကြားလိုက်ရခြင်းပင်လျှင် မကြာမီအချိန်ကလေးက ရဲရဲတင်းတင်း တီးမိ ဆိုမိသောအဖြစ်ကို ရှက်သလိုလိုဖြစ်၍ လာလေ၏။ သို့အတွက် ဆက်လက်၍ တီးရန် စိတ်မပါတော့ဘဲ ...။

"ဒီအတိုင်းဆိုရင် တော်တော်ကျွမ်းကျင်မယ့်လူပါကလား။ ဒီလောက် တတ်မြောက်တာ သူ့နာမည်ကို ဘာပြုလို့ မကြားဖူးပါလိမ့်မလဲ" ဟု အပြေမျှော်လင့်သောမျက်နှာဖြင့် မေးလေ၏။

"ဒီလို မြရဲ့... သူ့အကြောင်း မြကိုပြောပြရရင် အံ့လို့ကုန်မှာမဟုတ်ဘူး။ ဒီလူရဲ့ စိတ်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ ပြောပြလိုက်ရင် လူရူးတစ်ယောက်လို့ မြကဆိုချင်ဆိုလိမ့်မယ်။ သူ့မှာ မိဘမရှိဘူး၊ သူတစ်ယောက်တည်းရယ်။ ရင်းရင်းချာချာဆိုလို့ အသက် ၅၀ ကျော်ကြီးဒေါ်တစ်ယောက် ရှိတာပဲ။ ကျန်တစ်အိမ်လုံးရှိတဲ့မိန်းမ ယောကျာ်း ၄-၅-၆ ယောက်ဟာ အစေခံမချည်းပဲ။ တစ်ယောက်ကို လခ အစိတ်စီ ပေးထားတယ်။ ကားသစ်ကြီးတစ်စင်းဟာလည်း တစ်လမှာ ၅ ခါလောက်စီးချင်မှ စီးတာ။ ဆဲဒီ ဒရိုင်ဘာအတွက်ကလည်း လခ ၆၅ တဲ့။ ကြားဖူးကြရဲ့လား။ ဒီတိုက်ဟာလည်း သူ့တိုက်

mgyoe.com

mgyoe.com



ပဲ။ လယ်မြေတွေလည်း ၄ သိန်းခင်းဖိုးလောက် ကျန်ခဲ့တယ်။ သူ့မိဘ သေဆုံးသွားပြီးတဲ့နောက် သူတစ်ယောက် အမွေခံစားရတာပေါ့။ ပညာကတော့ များများမတတ်ရှာပါဘူး။ မြတို့ ကျွန်မတို့လို ဟိုက်စကူးဖိုင်နယ်အောင်ရုံရှိတာပဲ"

"သူ့မှာ သားမယားလည်း မရှိဘူးပေါ့။ အပူအပင်မရှိ ထိုင်စားနေတဲ့လူ ထင်ပါရဲ့"

"အပူအပင်ရှိ မရှိတော့ မပြောနဲ့လေ။ အားအားရှိ စန္ဒရားနဲ့ စောင်းကောက်သာ လက်မလွှတ်တဲ့လူပဲ။ အခုမှ ငြီးငွေ့လို့ထင်ပါရဲ့ မတီးဘဲနေတော့တယ်"

"ခုတင်ကပြောတဲ့ သူ့မှာ လူရူးတစ်ယောက်လို့ ထင်ရလောက်အောင် ဘယ်လိုဖြစ်ပျက်နေတာလဲ"

"ပြောပါ့မယ် နားထောင်ပါဦး။ သူ့စိတ်ဟာ အင်မတန်ဆန်းတယ် မြရဲ့။ မြ မသိရင်သာရှိရမယ်။ အခု သူ ဂျပန်ပြည်က ပြန်လာတာ မကြာသေးဘူး။ ဂျပန်မသွားခင်က သူ့အိမ် တူရိယာဝါသနာပါတဲ့ ကာလသားတွေ မကြာခဏ ဝင်ထွက်နေတယ်။ ရှေးဦးဆုံး လာသင်သူမှန်သမျှကို "ဂီတသာလျှင် လူမျိုးသာတယ်၊ ဂီတချာလျှင် လူမျိုးချာတယ်" ဆိုတာကို အလွတ်ရအောင် သင်ပေးတယ်။ ပြီးတော့မှ တို့ဂီတဟာ အားလုံးထက် သာသလား မသာဘူးလား မေးတယ်။ သာတယ်လို့ အဖြေရရင် (အေး ... တို့လူမျိုးဟာ အားလုံးထက် သာတယ်။ ကာနယ်ဝက်ဂျဝုဆိုတဲ့ ပုဂ္ဂိုလ်ကြီးကလည်း

mgyoe.com

mgyoe.com


"မြန်မာလူမျိုးများမှာ သူတစ်ပါးလက်အောက်ခံရန် ကျောပြင်တွင် ကျွန်တံဆိပ်မပါဘူးလို့ ပြောဖူးတယ်) ဆိုပြီး ဆိုင်မလိုလိုနဲ့ မဆိုင်တာတွေကို လျှောက်ပြောတယ်။ ကျွန်မအစ်ကိုတော်ပေမယ့် ခင်မြမြကို ယုံလို့ ဖွင့်ပြောတာနော်"

"ပြောပါ မထားမူ ..."

"ဟုတ်ကဲ့၊ သူ့စကားလုံးတွေ ကျွန်မ အကုန် မမှတ်မိပါဘူး။ စုံလို့ပါပဲ။ သူ့တပည့်တွေအားလုံးကလည်း သူ့ကို လေးစားယုံကြည်ပုံရတယ်။ သူနဲ့ တာရှည်ပေါင်းသင်းမိရင် စိတ်တက်ကြွလာကြတဲ့ လက္ခဏာပဲ။ ပြီးတော့ သီချင်းတစ်ပုဒ် တက်ပေးလို့ ကိစ္စပြီးတဲ့အခါ (မင်းဆိကဟောဒီပစ္စည်းကို ငါက လိုချင်လို့ ယူထားတယ်။ မင်း ပြန်လိုချင်လို့ လက်ဖြန့်တောင်းပြီး ရမယ်လို့ မျှော်လင့်နေရင် မင်း အင်မတန်ညံ့ဖျင်းတဲ့လူပဲ) လို့လည်း ပြောတယ်။ ကဲ ... မဆန်းလား"

"ထားတို့အစ်ကိုက နိုင်ငံရေးရူး ထင်ပါရဲ့။ သူပုန်ထမလို့များလား"

"လွတ်လပ်ရေးဟာ သွေးနဲ့ မရင်းသမျှ မရဘူး။ ဒါပေမဲ့ လွယ်တယ်မထင်နဲ့။ အခုခေတ်ဟာ အလောင်းဘုရားခေတ်မဟုတ်ဘူး။ ဟိုတုန်းက ဝါးရင်းတုတ်နဲ့ ဓားကိုင်ရင် ရတယ်။ အခု အားလုံးသေကုန်မယ်တဲ့။ သူဆိုချင်တဲ့ ဥပဒေသကတော့ ဘာကိုလိုက်နာရမယ် မသိပါဘူး။ သူ့တပည့်တွေကိုတော့ ဆိုလျော်အောင် ပြောနိုင်ပါ

mgyoe.com

mgyoe.com


လိမ့်မယ်”

“သူ ဂျပန်ပြည်သွားတာ တိုင်းပြည်အတွက်များလား”

“ကျွန်မ ပြောပြရမှာတောင် သူ့အစား လိပ်ပြာလန့်နေတယ်။ ဒါပေမဲ့ သူနဲ့ပတ်သက်ရင် ဘယ်သူ့မဆို သူက ရဲရဲပြောမှာမို့လို့ ကျွန်မ ပြောဖို့လည်း ဝန်မလေးလှပါဘူး။ သူကလည်း မကြောက်လှပါဘူး။ ဂျပန်သွားတာ ဒီအတွက် ဟုတ်ချင်လည်း ဟုတ်လိမ့်မယ်။ ဒါပေမဲ့ သူ့မှာ တစ်ခုတော့ရှိတယ်”

ထားမူက တစ်စုံတစ်ခုကို ပြန်လှန်တွေးတောသော မျက်နှာဖြင့် အတော်ကြာ ငြိမ်နေပြီးမှ။

“သူ့မှာ အချစ်ရောဂါ ခံစားရဖူးတယ် မြရဲ့။ ဒီရောဂါကလည်း မဝေးပါဘူး။ ဒီအိမ်မယ် နေသွားဖူးတဲ့ မြေပိုင်ရှင် စက်သူဌေး ဦးဘမင်းရဲ့သမီး မသန်းနွယ်ဆိုတဲ့ မိန်းကလေးနဲ့ ပတ်သက်တာပေါ့။ မနှစ်ကမှ သူတို့ဒီတိုက်က ပြောင်းရွှေ့သွားကြတာပဲ။ ဒီလိုထင်ပါရဲ့။ အပျိုနဲ့ လူပျိုဆိုတော့ တွေ့ဖန် မြင်ဖန်များပြီး မေတ္တာရှိသွားကြရာက တစ်ယောက်နဲ့တစ်ယောက် ချစ်ကျွမ်းဝင်တုန်း ဗြုန်းဆို မသန်းနွယ်က လူကြီးမိဘ သဘောတူရာကို ယူလိုက်တယ်။ သူ့ခမျာတော့ ရည်းစား လင်ယူသွားလို့ မစားနိုင် မသောက်နိုင် တပိန်ပိန် တလိန်လိန်ဖြစ်ပြီး ချက်ချင်းဆိုသလို ပျောက်သွားလိုက်တာ အတော်ကြာလို့ စာရောက်လာမှ ဂျပန်ပြည် ရောက်နေမှန်း သိရတော့တာပဲ။ အခု ပြန်ရောက်လာတာ ၃

mgyoe.com

mgyoe.com


လတောင် မရှိသေးဘူး။ ဒီကတည်းက မိန်းမဆို အတော်ကြောက်သွားပြီ။ ဒါကြောင့် အိမ်ထဲချည်း ကုတ်နေတာပေ့ါ။ အရင်ကတော့ မသန်းနွယ်နဲ့ပတ်သက်ပြီး ဒီခြံနဲ့ ဟိုဘက်ခြံ ရွှေလမ်းငွေလမ်းဖောက်ထားကြဲတာ"

"သြော် ... ဒါဖြင့် သူ့ခမျာ တော်တော်သနားစရာကောင်းတာပေါ့။ မသန်းနွယ်ဆိုတာ အိမ်ထောင်ကျသွားတဲ့အတွက် ဒီစည်းစိမ်ကြီးကို စွန့်သွားချင်လောက်အောင် ဖြစ်ရဖူးတယ်နော်။ အင်း ... ဒါကြောင့်ထင်ပါရဲ့"

ဟု ခင်မြမြက စကားကိုအဆုံးမသတ်ဘဲ နေလုံးကြီးကွယ်ပျောက်စဖြစ်၍ သဲသဲကွဲကွဲမမြင်ရသော တစ်ဘက်ခြံကြီးဘက်သို့ ကြည့်ရှုငေးစိုက်နေသည်တွင် ...။

"ဘာတုန်း မြရဲ့၊ မြက ဘာများထင်ရတာလဲ"

"အို .. တခြားမဟုတ်ပါဘူး။ မြတို့ ဒီတိုက်ကြီးပြောင်းလာတာ ဒီကနေ့ပါ ၆ ရက်ရှိပြီ။ သူ့မှာ ကားရှိတာ မထားမူပြောလို့သာ သိရတယ်။ သူ အပြင်ထွက်တာကို တစ်ခါမှ မတွေ့ရသေးဘူး။ ခုတင်က ပြောသလို မိန်းမတွေကို တယ်မကြည့်ချင်လို့ထင်ပါရဲ့။ ပြီးတော့ သူ ခြံကြီးထဲ လမ်းလျှောက်နေတာ ၂ ခါ ၃ ခါလောက်တော့ တွေ့ဖူးတယ်။ ဒါပေမဲ့ ဒီဘက် တစ်ခါမှ ခေါင်းလှည့်တာ မတွေ့ရဘူး။ သူလိုလူတစ်ယောက်ရှိတာ ကျွန်မတို့ဘက်က သိရသလို ကျွန်မတို့ ဒီနေကြတာ သူ သိမှ သိရဲ့လား"

"လူပြောင်းလာကြတာတော့ သိတယ်။ ဘယ်သူ

mgyoe.com

mgyoe.com

ဘယ်ဝါတွေရှိတာ သူ သတိထားမိမယ် မထင်ပါဘူး။ စောစောက ကျွန်မ ရောက်လာမှ ဟိုဘက်တိုက်မှာ ကျွန်မနဲ့ အင်မတန်ခင်မင်တဲ့ သူငယ်ချင်းမ တစ်ယောက် ရှိတယ်လို့ ပြောတော့။ ဩော် ... ဟိုဘက်တိုက် ပြောင်းလာတာ မထားမူအသိကိုးတဲ့။ ခင်မြမြ စောစောက သီချင်းဆိုပြီး တီးနေတုန်းက အဲဒါ ကျွန်မသူငယ်ချင်းပဲလို့ ပြောတော့ သူဘာမှ ပြန်မပြောဘူး။ အဆိုပိုင်တာနဲ့ လက်သံကောင်းတာတော့ ချီးမွမ်းပါရဲ့"

ခင်မြမြသည် ဝါသနာအလျောက် တူရိယာလိုက်စားရာ၌ တစ်ဖက်တိုက်ကြီးတွင် ကျွမ်းကျင်နှံ့စပ်သူ တစ်ယောက်ရှိနေခြင်းအတွက် ရှေ့သို့ဆက်၍ ရဲရဲတင်းတင်းတီးဆိုရန် စိတ်ပျက်မိ၏။ အဆိုပိုင်သည်၊ လက်သံကောင်းသည်ဟူသော ထောက်ခံချက်ကို မမျှော်လင့်ဘဲရသည့်အတွက်လည်း တစ်ခါတစ်ခါ အားတက်မိလေ၏။ သို့အတွက် မျက်နှာကလေး အနည်းငယ်ကြည်လင်လာဆဲ ထားမူက ...။

"လုပ်စမ်းပါဦး မြရဲ့။ အလွမ်းအဆွေး မပါတဲ့ထဲက ပေါ့" ဟု တိုက်တွန်းနေပြန်သည့်အတွက်။

"မြ မကျွမ်းကျင်ဘူး မထားမူ။ မြတို့က မိန်းကလေးဆိုတော့ လွမ်းစရာဆွေးစရာတွေကိုသာ နှစ်သက်ခဲ့တာ။ ထီးဘွဲ့နန်းဘွဲ့ထဲက ကိုယ် သေသေချာချာမနိုင်တော့ ..."

"ကဲ့ရဲ့မှာ ကြောက်တယ်ဆိုပါတော့ ...။ အရေးမကြီးပါဘူး။ နို့ ထူးမခြားနားမရဘူးလား။ ရမပေါ့။ မြ

mgyoe.com

mgyoe.com


ဂီတသုတေသန အသင်းသူတစ်ယောက်ပဲ"

"သေသေချာချာ မနိုင်ဘူး။ ချစ်သမျှကို ဆိုတဲ့ သစ္စာတိုင်ပတ်ပျိုးတော့ ရေရေလည်လည် ရတယ်။ ဒီအထဲ ဘုရားဂုဏ်တော်တွေလည်း ပါတာပဲ"

ထားမူက ခေါင်းကလေး ညိတ်လိုက်သဖြင့် ခင်မြမြသည် ပြုံးရယ်သောမျက်နှာဖြင့် စန္ဒရားကို လေးငါးချက်တို့လိုက်ကာ။

"ချစ်သမျှကို ... မြင်းမိုရ်ရွှေတောင်လုံးသာပလေ၊ လေးစုဒီပါ သိတာရေမြေဆုံးစေတော့လေ။ အို .. ဘယ်မမှန်းပါတော့နိုင် ..." စသည်ဖြင့် တီးပုံဆိုပုံ အလုံးစုံပြောစရာမရှိ။ ခင်မြမြအသံကလေး သာယာခြင်းသည်ပင် ထားမူ၏စိတ်၌ မေရုဗဟိုရ် မြင်းမိုရ်အသကဏ်တောင်ရံအထပ်ထပ် အနောဒါတ်ရေအိုင် နန္ဒမူလိုဏ်တို့ကို ကော်ဇောပျံပေါ် ထိုင်ရင်း လှည့်လည်ရသလို ထင်မှတ်မိလေ၏။

အဟဲအပြုံ အချွဲအညုကလေး ပါသလောက် အချို့နေရာများတွင် စန္ဒရားကို တော၍သွားရာ ပတ်ပျိုးကလေးမှာ ဆုံးမှန်းမသိ ဆုံးပြီး "ချစ်ချင်းငယ်ပြိုင် မြစ်မင်းပိုင် အဏ္ဏဝါက ..." ဟူသော သဖြန်ကိုကောက်လျှင် ကောက်ခြင်း "ဒေါင် ... ဒေါင် ... ဒင် ... ဒင် ..." ဟူသော စန္ဒရားသံကြီးတစ်ခုသည် ပြင်းပျကျယ်လောင် အနီးတစ်ဝိုက် ဆူညံသွားအောင် ထွက်ပေါ်လာသဖြင့် ခင်မြမြမှာ လက်ရောအသံပါ ရပ်ဆိုင်းပြီး အသံကြားရာသို့ မျက်လုံး

mgyoe.com

mgyoe.com



ကလေး ရောက်သွားလေ၏။

ထိုအသံမှာ တစ်ဘက်တိုက်ကြီးပေါ်မှ ပြတ်ပြတ်သားသား ထွက်ပေါ်လာခြင်းဖြစ်ရာ ပထမတီးဆိုနေသူများအား နှောင့်ယှက်ဖျက်ဆီးသကဲ့သို့ရှိ၏။ စန္ဒရားထားသည်ဆိုသော တည့်တည့်ပြတင်းမှာ ပိတ်၍ထားသောကြောင့် မည်သူမည်ဝါဟူ၍ ခွဲခြားမရချေ။ ရှေ့တည့်တည့် စူးစိုက်နေသော ခင်မြမြ၏ မျက်နှာကလေးကို ပြန်လှန်မော်ကြည့်လိုက်သော ထားမူကား။

"တီးမှာတီးပါ မြရဲ့၊ မတော်တဆ တိုက်မိခိုက်မိလို့ ထင်ပါရဲ့" ဟု ပြောဆဲမှာပင် ယခင်လောက် မကျယ်သော်လည်း စန္ဒရားတို့သံ ၄–၅ ချက် ထွက်ပေါ်လာပြန်လျက်။ ထို့နောက်မှ သီချင်းတစ်ပုဒ်ကို အလယ်က အစူဖောက်တီးလိုက်သောအသံသည် မရှေးမနှောင်း ပြတ်ပြတ်သားသား ထွက်၍လာလေ၏။

ထိုတီးကွက်မှာ အခြားသီချင်းမှမဟုတ်ဘဲ ခင်မြမြတီးဆိုနေသော ချစ်သမျှကို ပတ်ပျိုးအဆုံးသတ် "သုံးလူထွင်ရှုမှန်ကူ မတူလေပြိုင်နှုန်းကင်း၊ ခြောက်ဖြာစုံ၊ ရောင်မျိုးငယ်လင်း ..." ဟူသော အကွက်ဖြစ်လေ၏။ တစ်ဖက်က တီးပုံတောပုံမှာ ခင်မြမြတီးနည်း တောနည်းမျိုးမဟုတ်၊ အလုံးပြည့်၍ အသံလည်း အဆင်းအတက်ပြေလျက် များစွာနားထောင်၍ကောင်းလေ၏။

ခင်မြမြစိတ်တွင် တမင်တကာ နှောင့်ယှက်သည်ဟု အမျက်ထွက်ချင်သယောင် မျက်နှာကလေး ညိုမှောင်၍

mgyoe.com

mgyoe.com


သွားသော်လည်း အတက်အကျ အကွက်လှလှကြီး တီးပြလိုက်သော စန္ဒရားသံကို ကြားရမှ မိမိလက်သွား ချို့ယွင်းချက်ကို ရိပ်မိကာ ထွက်ဆဲထွက်လတ္တံ့ အမျက်ကို ရုတ်တရက်သိမ်းချုပ်နိုင်လေ၏။ စန္ဒရားသံမှာ ထိုနေရာကိုချည်း ၃ ခါတိုင်တိုင် လှည့်နေသဖြင့် ဤအခါတွင်မှ အကြောင်းသိကြသော ထားမူနှင့် ခင်မြမြသည် တစ်ယောက်မျက်နှာတစ်ယောက် ပြုံးပြုံးကြီး ပြန်ကြည့်ကြယင်း။

"မြက ဒီနေရာ ကောင်းကောင်းမမှန်သေးလို့ ကြောင်းပေးတာနဲ့တူပါတယ်" ဟု ခင်မြမြက ထားမူကို ကျေနပ်စွာပြောလျက် တစ်ဖက်က ညွန်ကြားချက်ကို လေးစားသည့်အသွင်ဖြင့် "သုံးလူ့ထွဋ်မှန်ကူ ..." မှစ၍ ပတ်ပျိုးအဆုံးသတ်ကို တီးရင်းဆိုရင်း လိုက်ပါသော်လည်း ခင်မြမြ၏တီးကွက်မှာ မူလအတိုင်း လက်သေနေသောကြောင့် ပြုပြင်ချက်သို့မရောက်ဘဲ ရှိလေ၏။

နောက်တစ်ဖန် တစ်ဘက်တိုက်ကြီးမှ စန္ဒရားသံသည် ယခင်အသွားအတိုင်း လောလောလတ်လတ် ကျယ်လောင်စွာ ထွက်ပေါ်လာပြန်ရာ ဤအခါတွင် အသေအချာစိတ်နှင့် မှတ်သားလိုက်သောကြောင့် ကောင်းစွာ လိုက်တီး၍ရလေ၏။ ဤသို့ချည်း ကောင်းကောင်း နသွားအောင် အကြိမ်ကြိမ် တီးမိဆိုမိသည်မှစ၍ တစ်ဘက်မှ စန္ဒရားသံကြီးကို လုံးလုံးမကြားရတော့ချေ။

mgyoe.com

mgyoe.com


ခင်မြမြသည် မမျှော်လင့်သော ဆရာကောင်းကို မတောင့်တဘဲ တွေ့ရလေ၏။ မိမိ၏ တတ်မြောက်သမျှ မှန်ကန်လှပြီဟု ရဲရဲတင်းတင်း တီးခဲ့ဆိုခဲ့သမျှ ကျေနပ်နှစ်သိမ့်ခဲ့သမျှမှာ ယခုအခါ အလဟဿဖြစ်ပြီး မူလကထက် အဆများ ကောင်းမွန်သော တီးကွက်ကို ရရှိခြင်းဖြင့် လက်စမ်း၍ မရောင့်ရဲနိုင်အောင် ရှိလေရာ။

"ကြားဆရာဆိုတာမျိုး ထင်ပါရဲ့" ဟု တမြို့မြို့တွေး၍နေလေ၏။ အနီးရှိ ထားမူကိုလည်း အားယူနှစ်သက် ပါးစပ်မှထွက်၍ ပြောမိလေ၏။

"ဟုတ်တယ်၊ ကြားဆရာဆိုတာ ဒါမျိုးပေါ့။ သင်ဆရာဆိုလည်း မမှားပါဘူး။ မြင်ဆရာ၊ တွေ့ဆရာဖြစ်လာရင် သာပြီး အန်ကျလာဦးမှာ" ဟု ထားမူက ရယ်သွမ်းကလေးသွေးရင်း အဓိပ္ပာယ်ရှုပ်ရှုပ်ထွေးထွေးပြောနေသည့်အတွက် ...

"ဟင်း ... လုပ်ကရော့မယ်" ဟု ကြိမ်းကာ မာန်ကာ လက်သီးကလေး တင်းတင်းဆုတ်၍ရွယ်ပြီး စန္ဒရားပေါ် ငုံ့၍သွားလေ၏။

တဖြည်းဖြည်း မှောင်ကျ၍သွားရာ စောစောက အပြင်ဖြူ၍ အတွင်းမှောင်သော တိုက်ကြီးနှစ်လုံးမှာ ယခုအခါ အပြင်မှောင်၍ အတွင်းထိန်စပြုလေ၏။ ထားမူကား သူ့အိမ်ရှိရာ ချာချီလ်လမ်းသို့ ပြန်သွားသော်လည်း ခင်မြမြမှာ စန္ဒရားနားက မခွာဘဲ ချစ်သမျှကို ပတ်ပျိုးကိုသာ တိုးတစ်ခါကျယ်တစ်လှည့် အနွဲ့ အချွဲ အဝဲ

mgyoe.com

mgyoe.com


အသိမ်းတွေနှင့် လေ့ကျင့်၍နေရာ အစေခံများက ထမင်း
စားခေါ်မှပင် ထိုင်ရာမှ ထလေတော့၏။

■

mgyoe.com

mgyoe.com

# အခန်း (၂)

နောက်တစ်နေ့ နေ့လယ်အချိန်တွင် ဆီဒင်ကားသစ်ကြီးတစ်စင်းသည် တစ်ဘက်ခြံတွင်းမှ ထိုးထွက်လာလျက် ခင်မြမြတို့အိမ်ရှေ့မှ ဖြတ်၍သွားရာ ခင်မြမြသည် တိုက်အပေါ်ထပ် ဝရံတာမှ ငေးကြည့်ယင်း ကျန်ရစ်လေ၏။ ကားအတွင်း၌ လူတစ်ယောက်ပါ၍ သွားသည်ကိုလည်း ရိပ်ခနဲမြင်လိုက်ရသောကြောင့် ထိုလူကို သေသေချာချာကြည့်မိသည်တွင် ခြံအတွင်း၌ လမ်းလျှောက်နေစဉ် ၃-၄ ခါမျှ မြင်တွေ့ဖူးသော ကိုမြင့်ဆိုသူဖြစ်လိမ့်မည်ဟု ယုံကြည်လေ၏။ ခင်မြမြက စေ့စေ့စပ်စပ် ကြည့်မိသည့်တိုင်အောင် ကားအတွင်း၌ ပါ၍သွားသူကား ခင်မြမြတို့ တိုက်ဘက်သို့ ခေါင်းလည်၍မျှ မကြည့်ချေ။ ထိုကားနှင့် ထိုလူကို မြင်ရခြင်း၌ ခြံအပြင်ဘက် ပတ်လမ်းပေါ်တွင် ဤတစ်ကြိမ်သည် ပထမအကြိမ်ပင်ဖြစ်၏။ အတော်ကြာမှပင် ဆန့်ကျင်ဘက်လမ်းမှ မော်တော်ကားပြန်လာကာ အဝင်ဘက်ခြံဝမှထိုးဝင်၍သွားလေ၏။

mgyoe.com

mgyoe.com


မိနစ် ၂၀ အစိတ်မျှ ကြာ၍သွားသောအခါတွင် တစ်ဖက်တိုက်ကြီးပေါ်မှ စန္ဒရားသံကို ကြားရ၏။ ရှေးဦးစွာ “တဖုသသငယ်နှင့် ဘလ္လိကညီနောင် မြတ်ဆံတော်ရှစ်ချောင်း ...”အစချီ ရွှေတိဂုံသမိုင်းဘွဲ့ကို တိုးတိုးသိသိ စ၍ဆိုလိုက်ရာ သီချင်းသံမှာ မကျယ်သော်လည်း စန္ဒရားလိုက်ပုံ ကြည်လင်ပြတ်သားသည်နှင့်အမျှ ကန်တော်ကြီးနှင့် ရွှေတိဂုံစေတီတော်ကြီးကို ကောင်းစွာ မြင်တွေ့ဖူးမျှော်နေရသည့် ထိုနေရာတစ်ဝိုက်နှင့် များစွာ ပဏာရလေ၏။ ဘွဲ့ဆုံးသောအခါ သီချင်းခံသို့ လှည့်လျက်။ “ထူးမခြားနား” ကို ကောက်တီးလေ၏။ ထိုကမှ “ဇမ္ဗူကျွန်းလုံး” သီချင်းခံကြီးနှင့်ဆက်၍ “ရွှေပင်ရွှေဘုန်း ပပဝင်း” “ကျွန်းကျွန်းပိုင်သ” “စံရာဘုံမြင့်” ကြိုးများကို အဆိုနှင့်တွဲ၍တွဲ၍တီးသွားရာ ခင်မြမြမှာ တအံ့တသြ ငေးမောနားထောင်နေရလေ၏။

ခင်မြမြရပ်နေသောနေရာသည် အပေါ်ထပ်ဘေးပြတင်းတွင်ဖြစ်၍ တစ်ဖက်တိုက်ကြီးကို ကောင်းစွာမြင်နေရသော်လည်း ထားမှုပြောချက်အရ စန္ဒရားထားသည်ဆိုသော ပြတင်းပေါက်မှာ ပိတ်ထားသောကြောင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မမြင်ရချေ။ တစ်ဖက်တိုက်ကြီးမှလူမှာ မည်သူ့ကိုမျှ အလေးမူ ဂရုစိုက်ပုံမရဘဲ မိမိ၏ ပိုင်နိုင်လည်ပတ် တတ်မြောက်ကျွမ်းကျင်စွာ တီးနိုင်၊ ဆိုနိုင်ခြင်းအစွမ်းသတ္တိကို ပိပိရိရိ ပြနေသကဲ့သို့ ရှိ၏။ မကြာမီပင် “စိန်ကြောင်နီလာ” ပတ်ပျိုးကို

mgyoe.com

mgyoe.com



ကောက်တီးပြန်လျက် ထိုကမှ "မန်းတောင်လက်ျာ" ယိုးဒယား၊ "မြမန်းဂီရိ သေလာတောင်"ကို ဆက်ပြန်ရာ ဤအခါတွင် ခင်မြမြ၏စိတ်၌ ဤမျှ အဆိုအတီး စည်းစနစ်ကျနသူတစ်ယောက်၏ တတ်မြောက်ကျင်လည်ခြင်းနှင့် နှိုင်းစာသော် မိမိ၏ တတ်သိနားလည်ခြင်းမှာ ဘာမှုမဟုတ်ပါကလားဟု "သေးကွက်နှင့် ပင်လယ်–နင်တကယ်ထင်လို့၊ သဘင်ဝယ်ယှဉ်မတို့နဲ့ သခင်တို့ ဦးချီ" ဟူသော ဦးပုညတေးထပ်ကလေးကို ပြေး၍ သတိရမိ၏။

ဤအတိုင်းဆိုလျှင် မိမိ၏စန္ဒရားကြီးကို လက်ဖျားနှင့် မထိဝံ့အောင်ဖြစ်လာသည့်အတွက် တစ်ဖက်လူကို ရှက်သလို ရွံ့သလိုရှိ၏။ "ဒီလို ဆရာကောင်းမျိုးနဲ့ သင်လိုက်ရရင် ..." အစရှိသော အတွေးအတောသည်လည်း လတ်တလောပေါ်၍လာကာ တဖြည်းဖြည်း ဆုံးခန်းသို့ ရောက်ပြီး သီချင်းသံ၊ စန္ဒရားသံ ပျောက်သွားတော့မှ ချာခနဲ လှည့်ဝင်ခဲ့လေ၏။

နောက်ထပ်၍ကား ဘာမျှမကြားတော့ချေ။ စုစုပေါင်း ၁၀ ပုဒ်နီးနီး တီးသွားသောကြောင့် တစ်နာရီမျှ ကြာခဲ့လေ၏။ နေဝန်းကြီးမှာလည်း တဖြည်းဖြည်း စောင်းရွေ့နိမ့်ဆင်း၍သွားရာ လောကဓာတ်၏အပူဟုန်သည် ကုန်သင့်သလောက် ကုန်လျက် ကံန်တော်ကြီး တစ်ဝိုက်ကို ယမ်းကုန်မီးကုန် သာယာစေလေ၏။

ခင်မြမြသည် နေ့စဉ်လမ်းလျှောက်နေကျ ဝတ္တရား

mgyoe.com

mgyoe.com



အတိုင်း တိုက်ပေါ်မှဆင်းလျက် ကတ္တရာလမ်းကလေးပေါ် ၄-၅ ခေါက် လျှောက်၍နေစဉ် မော်တော်ကားတစ်စီးသည် အဝေးမှပြေးလာလျက် ခင်မြမြရှေ့တွင် ထိုးရပ်လိုက်ခါ

"မြ ... လမ်းလျှောက်သလား၊ လာ လာ အတော်ပဲ။ မြကို ဝင်ခေါ်မလို့ အဆင်သင့်ပဲ ဟိုဘက်တိုက်သွားရအောင်" ဟု ခေါ်ခေါ်ပြောပြော ကားဘေးမှ ခေါင်းဖော်လိုက်သော ထားမူကို တွေ့ရသောကြောင့်

"ဟင် ... မထားမူပါကလား ...၊ ဟိုဘက်တိုက်ပေါ် မြ လိုက်ရမယ်၊ ဘာကိစ္စလဲ"

"ကနေ့ည ဘုရားကိုးဆူပူဇော်မယ် မြရဲ့။ ဘာမှ ဝိုင်းလုပ်ရမှာမဟုတ်ပါဘူး။ မိတ်ဖြစ်ဆွေဖြစ်ပေါ့။ နေ့လယ်က ကိုမြင့်ကားနဲ့လာခေါ်လို့ ဖေဖေနဲ့ မေမေတောင် ရောက်နေကြပြီ" ဟု ကားပေါ်မှဆင်းကာ မော်တော်ကားကို သွားခိုင်းနှင့်သည့်အတွက်

"အို ... မြ မလိုက်ချင်ဘူး။ မြတို့ကိုမှ မဖိတ်တာ"

"ဒီလိုဘယ်ဟုတ်မလဲ မြရဲ့။ တစ်ဦးနဲ့တစ်ဦး မသိကြတော့ အခေါ်ခက်လို့ မဖိတ်မခေါ်တာပေါ့။ ထားရဲ့ အစ်ကိုအိမ်ပဲ၊ ထားခေါ်ရင် မြ မငြင်းရဘူး။ နေ့လယ်က ကိုမြင့်လာတုန်းကတောင် ကျွန်မ သူငယ်ချင်းတစ်ယောက်လည်း ခေါ်ခဲ့မယ်။ အချိန်မကျခင် စန္ဒရားလည်း တီးပြရမယ်လို့တောင် မှာလိုက်သေးတယ်။ ခဏဖြစ်ဖြစ် လာပါ။ မိတ်လည်းဖွဲ့ရင်း စန္ဒရားလည်း နားထောင်ရင်း

mgyoe.com

mgyoe.com



ပေါ့”ဟု ထားမူက ခဲ့ဆွဲခေါ်ခေါ် လုပ်ပြန်သောကြောင့် ခင်မြမြမှာ မငြင်းသာတော့ဘဲ ထားမူနောက်သို့ ကောက်ကောက်ပါ၍သွားလေ၏။

ခြံဝကို ဝင်မိသည်မှစ၍ တိုက်ဆင်ဝင်သို့ ဆက်သွယ်ထားသော လူသွားလမ်းကလေး ဝဲယာနှစ်ဘက်တွင် မျိုးစုံပွင့်ဖူးဝေဆာလျက်ရှိရာ ဖြူဖွေးသော တိုက်ကြီးကို တန်ဆာဆင်သကဲ့သို့ရှိ၏။ အတွင်းဘက်သို့ မျှော်ကြည့်လျှင် စားပွဲ၊ ကုလားထိုင်၊ ဗီရို၊ တိုင်ကပ်နာရီကြီးများမှာ အဖိုးတန်ကြီးများဖြစ်လျက် အတွင်းဘက်တွင် ရှင်းရှင်းလင်းလင်း စီခင်းချိတ်ဆွဲထားသောကြောင့် လင်းထိန်သော သုံးပွင့်ဆိုင်ဓာတ်မီးအောက်တွင် လင်းတောက်ဖိတ်လျှံလျက်ရှိ၏။ ခင်မြမြကား ထိုပစ္စည်းများကို ဂရုမစိုက်နိုင်။ တစ်စုံတစ်ယောက်ကိုသာ မျက်စိထဲ မြင်ယောင်လျက် မရဲတင်းသောမျက်နှာဖြင့် အတွင်းဘက်လှမ်းကြည့်ရင်း ခြေဆွဲ၍နေရာ ထားမူက

“လာပါ မြရဲ့၊ ဘာကြောက်နေတာလဲ။ အားနာစရာ မရှိပါဘူး” ဟု ပြောပြောဆိုဆို ရှေ့ကိုသာလာလျက်ရှိသဖြင့် ထားမူနှင့် ထပ်ကြပ်မကွာလိုက်ရပြီး မကြာမီ အပွင့်ဖော် မှိုင်းလုံးကော်ဇောအပြည့်ခင်းလျက် ကွေ့တက်ရသော ခန့်ငြားပြောင်လက်သည့် လှေခါးရင်းသို့ ရောက်လာကြ၏။

“အပေါ်တက်ရမယ်၊ မြကိုကြည့်ရတာ စိတ်မပါသလိုပဲ။ ဖေဖေရော မေမေပါ အပေါ်မှာရှိနေသေးတာပဲ

mgyoe.com

mgyoe.com

မြရဲ့"

"အေးလေ ... တက်ပါ့မယ်"

နှစ်ယောက်လုံး ပခုံးချင်းယှဉ်၍တက်သွားပြီး လှေခါးတစ်ဝက်မရောက်မီပင် အပေါ်မှ အောက်သို့ လျင်မြန်သွက်လက်စွာဆင်း၍လာသော ယောက်ျားပျိုတစ်ယောက်နှင့် ဝင်တိုးတော့မလိုဆုံ၍နေရာ အဆင်းအတက်နှစ်ဘက်စလုံး ခြေလှမ်းများ တန့်သွားသည့်ပြင် ယောက်ျားပျိုမှာ ထားမူနှင့် ခင်မြမြကို တစ်လှည့်စီ စူးစိုက်လျက် ခြေနှစ်ဘက်မှာလည်း အပေါ်တစ်ဆင့် အောက်တစ်ဆင့်နင်းလျက်ရှိကာ စက္ကန့်အတော်ကြာ မလှုပ်မယှက်သည့်အတွက် ထားမူနှင့် ခင်မြမြက လူချင်းခွဲလျက် အလယ်မှ လမ်းဖော်ပေးသော်လည်း ယောက်ျားပျိုမှာ အောက်သို့မဆင်းဘဲ အပေါ်သို့ ပြန်လှည့်၍တက်သွားတော့ရာ ထားမူက ခင်မြမြမျက်နှာကို ပြန်ကြည့်ပြီး ခစ်ခနဲ အသံထွက်၍သွားလေ၏။ ခင်မြမြကလည်း ဣန္ဒြေပြုံး ပြုံးလိုက်လျက် တစ်ဖန် မျက်နှာပိုး သတ်လိုက်ကာ ဆက်လက်တက်သွားကြပြီးနောက်

"လာ မြ ... ဟောဒီထိုင်ချီ" ဟု ထားမူက ညှော့ခန်းရှိ တစ်ယောက်ထိုင်ခုံ ကုလားထိုင်တစ်ခုကို ထိုးပေးသဖြင့် ထားမူထိုးပေးရာတွင် ဝင်၍ထိုင်လိုက်ရလေ၏။ အိမ်ပေါ်တွင့်ကား လူများများမရှိ။ ထားမူ၏ မိဘနှစ်ပါး၊ အသက် ၅၀ မျှရှိသော ဖြူဖြူခန့်ခန့် အိမ်ခံအဒေါ်ကြီး တစ်ယောက်၊ ကျောခိုင်းထိုင်နေသဖြင့် မျက်နှာကို စေ့စေ့
mgyoe.com

mgyoe.com



စပ်စပ် မမြင်ရသော ကိုမြင့်ဆိုသူအပြင် နောက်ဖေးဘက်တွင် အစေခံ ၃–၄ ယောက် တွေ့ရလေ၏။

ခင်မြမြထိုင်မိ၍မကြာမီပင် ယောက်ျားပျိုသည် ထိုင်ရာမှထလျက် အောက်ထပ်သို့ဆင်း၍သွားရာ အတော်ကြာသည့်တိုင်အောင် ပြန်တက်၍မလာတော့ချေ။ အစေခံကလေးများ လာချသောလက်ဖက်ရည်ပွဲကို သောက်ရင်း ဧည့်ခန်းပတ်ဝန်းကျင်ရှိ သပ်သပ်ရပ်ရပ် ခေတ်မီမီ ဆင်ပြင်ထားခြင်းကို နှံ့စပ်အောင်ကြည့်၍နေစဉ် ထားမူက အိမ်ခံအဒေါ်ကြီးနှင့် ခင်မြမြကို မိတ်ဆက်ပေးလေ၏။

စားသောက်ပြီးစီးကြသောအခါ ထားမူ ထိုင်ရာမှထပြီး "ကိုမြင့်လေ ... ကိုမြင့်၊ ဘယ်ဆင်းသွားပါလိမ့်မလဲ။ နေ့လယ်က စန္ဒရားတီးပြဖို့ သူ့ကို မှာလိုက်တယ်" ဟု ဧည့်ခန်းမှ အပြင်သို့မျှော်ကြည့်ရင်းပြောရာမှ

"မြ ... လာလေ၊ ကိုမြင့်စန္ဒရားကြီးကို ကြည့်ရအောင်။ ရောက်လို့ရှိမှ နှံ့စပ်အောင်ကြည့်သွားတာပေါ့" ဟု ခေါ်သဖြင့် ထလိုက်ခါ ဧည့်ခန်းမှ ထွက်၍သွားကြလေ၏။

အခန်းကျယ်ကြီး၏ အတွင်းဘက်ကျကျ ခေါင်းရင်းဘက်ထောင့်တွင် အလျား ၁၂ ပေ၊ အနံ ၉ ပေ၊ အမြင့် ၈ ပေမျှရှိသော အခန်းငယ်ကလေးတစ်ခုဖွဲ့ထား၏။ ထိုအခန်းတွင်း၌ လှပခန့်ငြားသော တစ်ယောက်အိပ်ခုတင်တစ်လုံးရှိ၍ ထူထဲဖြူဆွတ်သော မွေ့ရာကြီး

mgyoe.com

mgyoe.com

တစ်ခုခင်းကာ ဇာခြင်ထောင်ကလေးမှာ ခုတင်တန်းပေါ် တွင် သေသပ်ကျနစွာ ချိတ်တင်၍ထားလေ၏။ အခန်း နံရံပတ်လည်နှင့် လူတစ်ရပ်ကျော်ကျော်မြင့်သော မျက်နှာ ကြက်တွင် အဖြူနှင့် အဝါနုရောစပ်သော ဆေးများသုတ် ထားရာ ပန်ကာအောက်ရှိ စိမ်းလဲ့လဲ့ မီးတစ်ပွင့်နှင့် အလိုက်သင့်စွာ တင့်တယ်လျက်ရှိလေ၏။

"ဒီဟာ ကိုမြင့်အိပ်တဲ့ အခန်းပေါ့။ ပင်လယ်ကူး သင်္ဘောကြီးတွေထဲက ကပ္ပတိန်တို့၊ အင်ဂျင်နီယာတို့ နေတဲ့အခန်းနဲ့ မတူဘူးလား။ သူက အသန့်အပြန့်ကြိုက် ပြီး လူရောစိတ်ပါ သိပ်ဖိုလ်ဆန်တာ ..."

တစ်ဖက်သို့လှည့်၍ လျှောက်သွားကြပြန်လျက် ခြေရင်းဘက်ပိတ်ထားသော ပြတင်းသို့ ရောက်သော အခါ ထားမူက "ဟောဒီ ဖုံးထားတဲ့စန္ဒရားကြီးကို သိပ် ရိုသေလေးစားတဲ့လူပဲ။ မြစန္ဒရားနဲ့ ဘယ်လိုနေသလဲ" ဟု ပြောကာ အဖုံးကို ဖွင့်ပြသဖြင့် ...။

"ဒါက သိပ်ကောင်းတာပေါ့ ထားရဲ့"

"၁၄၀၀ဝိ ပေးရတယ်လို့ သူ တစ်ခါပြောဖူးတယ်"

ခင်မြမြသည် စေ့စေ့စပ်စပ် ကိုင်တွယ်စမ်းသပ် ကြည့်နေရာ တစ်ဆင့်တစ်ဆင့် စိတ်ဝင်စား၍ လာလေ ၏။ အတော်ကြာ၍ သတိထားလိုက်သောအခါ၌ကား ထားမူကို အနီး၌ မတွေ့ရချေ။ လှေကားဘက်မှ ခြေသံ ကြားသဖြင့် လှည့်ကြည့်လိုက်ရာ အောက်ထပ်မှ ရှေ့ နောက်တက်လာကြသော ထားမူနှင့် အိမ်ရှင်ယောကျ်ား

mgyoe.com

mgyoe.com



ပျိုကို တွေ့ရလေ၏။

မိမိရှိရာဘက်သို့ ရောက်လာကြသောအခါ ထားမူက "ကိုမြင့် နေ့လယ်က တီးပြပါမယ်လို့ ကတိခံထားတယ်မဟုတ်လား။ အိမ်ပြန်ရောက်ရင် လေ့ကျင့်ထားပါမယ်ဆို ...၊ နေ့လယ်က ပြန်လေ့ကျင့်ဖြစ်ရဲ့လား ဟောဒီက ခင်မြမြက ကိုမြင့်လက်သံကို သိပ်သဘောကျနေတာ...။ မနေ့ညနေက ချစ်သမျှကိုပတ်ပျိုးကို ကိုမြင့်သင်ပေးလို့ သူက သိပ်ကျေးဇူးတင်နေတယ်။ ကိုမြင့်လိုဆရာကောင်းနဲ့သာတွေ့ရရင် အင်မတန်ကောင်းမှာပဲလို့တောင် ပြောနေသေးတယ်" ဟု ခင်မြမြ တစ်ကြိမ်တစ်ခါမျှ မပြောဖူးဘဲလျက် ထားမူက မျက်နှာတည်တည်နှင့် လက်တမ်းဖွင့်၍ လျှော်နေရာ ခင်မြမြမှာမူ ပြုံးပြုံးကလေးနားထောင်နေရင်း ယောကျ်ားပျိုကို နေရာဖယ်ပေးသကဲ့သို့ ကိုယ်ကိုယို့ကာ စန္ဒရားရှေ့ကျကျတွင် ထားမူနှင့်တွဲ၍ထိုင်လိုက်လေ၏။

ယောကျ်ားပျိုသည် တစ်စုံတစ်ရာမပြောဘဲ စန္ဒရားနှင့် ကပ်၍ထိုင်လိုက်ရာ ကျောခိုင်းလျက်ဖြစ်နေသောကြောင့် မျက်နှာကလေးချောမောသလောက် နောက်ကြည့်ခန့်သော ကိုယ်လုံးကိုယ်ဖန်ကို ခင်မြမြ ပထမဆုံးအကြိမ် သတိထားမိလေ၏။ ယောကျ်ားပျိုကား လှည့်မကြည့်ချေ။ ဒေါင် ... ဒေါင် အသံထွက်ပေါ်လာအောင် လက်နှင့် တစ်ချက်နှစ်ချက် တို့လိုက်ပြီး စမ်း၍နေလေ၏။

mgyoe.com

mgyoe.com



နောက်မှ "ဘာသီချင်း နားထောင်မလဲ" ဟု လှည့်မကြည့်ဘဲ တည်တည်ခန့်ခန့်မေးသဖြင့် ထားမူက ခင်မြမြဘက်လှည့်ကာ ...။

"မေးနေတယ်၊ ပြောပါ မြရဲ့ ... မြက ဒီဘက်က ဝါသနာပါတော့ နားလည်တယ်။ ထားတော့ မပြောတတ်ဘူး"

"အို ... ဘာသီချင်းဖြစ်ဖြစ် နားထောင်ကောင်းမှာပဲ။ ဘုရင့်ပုဆိုး ပိုးချည်းပေါ့ ထားရဲ့" ဟု ယောကျ်ားပျိုကို နောက်မှ ပြုံးပြုံးကြည့်ရင်း ပြောသော်လည်း မည်သည့်တီးကွက်ကိုမှ မစသဖြင့်။

"မြ နားထောင်ချင်တာကို ပြောလိုက်ပါ။ ကိုမြင့်က သေသေချာချာ တီးပြလိမ့်မပေါ့"

"ဩော် ... သီချင်းတွေများအားကြီးတော့ ရွေးမရဖြစ်နေလို့ထင်ပါရဲ့။ ဒါဖြင့် နံ့သာနီတောင် နားထောင်ရရင် မကောင်းဘူးလား"

ယောကျ်ားပျိုသည် နေရာတကျပြင်လိုက်ပြီး "နံ့သာနီတောင် ... ကမ္ဘာတည်အောင်၊ ဖန်ဆိုးနှင့် လဲဝတ်ကြောင်...။ ကေဉသျှောင် ပယ်လှီး ရှာန်နဲ့နီး" စသည်ဖြင့် ပါးစပ်မှ မပွင့်တပွင့်လိုက်ကာ စန္ဒယားကို ညင်သာအေးငြိမ့် နားကြောစိမ့်အောင် အလုံးများများနှင့် ငှိမ့်၍နေလေ၏။ "ဂန္ဓမာမြိုင်ညိုကြီးမှာ ... မိုးရတရား" ဟူသော သဖြန်ကို အပြီးသတ်သည်တိုင်အောင် ခင်မြမြနှင့် ထားမူမှာ မလှုပ်မယှက် ငြိမ်သက်စွာ နားထောင်နေ

mgyoe.com

mgyoe.com

ရာမှ ခင်မြမြက ကျေနပ်နှစ်သက်သော မျက်နှာဖြင့် ထားမူကို လှည့်ကြည့်ပြီး ...။

"သိပ် နားထောင်ကောင်းတာပါပဲ။ ဒါထက် ထားနားထောင်ဖူးသလား ... ဟို ... ဘာတဲ့ အဲအဲ့ (ဘုန်းအကြီးဆုံး)နဲ့ စတဲ့သီချင်းခံကြီးဟာလေ"

အဖြေကို မျှော်လင့်နေစဉ် ယောကျ်ားပျိုက အခြေမပျက် စန္ဒရားရှေ့တွင် ငုံ့မြဲငုံ့လျက်။

"အင်း ... ပခန်းမင်းသား ရေးသွားတဲ့ ဘုန်းတော်ဘွဲ့ သီချင်းခံကြီးတဲ့။ ဒါလည်း တစ်မျိုးကောင်းတာပေါ့။ ၁၂၂၀ ပြည့်၊ တန်ဆောင်မုန်းလပြည့်နေ့ကြီး ရေးသွားတဲ့ 'ဘုန်းပန်းပရမေ ... အောင်မြေ၊ မှောင်ချွေ...' အစချီထားတဲ့ ဘုန်းဘွဲ့သီချင်းခံကြီးက သာနားထောင်လို့ မြိုင်သေးတယ်" ဟု ပြောကာ ခင်မြမြဆန္ဒအတိုင်း ...။

"ဘုန်းအကြီးဆုံး ... ကျွန်းဒီပါလုံး၊ သည်မှာရာမင်းရုံး၊ ခယ ဝန်းရံ နန်းစံ ..." စသည်ဖြင့် ဟန်ပန်ကျကျအဆိုရော အတီးပါ ပြလိုက်ရာ ခင်မြမြ၏ ပြုံးရယ်နေသော မျက်နှာကလေးမှာ သီချင်းအရသာကို တွေ့သွားသကဲ့သို့ ငေးစိုက်၍သာ နေရတော့လေ၏။ အမှန်အားဖြင့် ခင်မြမြသည် ထိုသီချင်းခံကြီးကို မူလက သဘောကျလွန်းလှ၍မဟုတ်၊ ဘုန်းအကြီးဆုံးဆိုသော အစပိုဒ်အက္ခရာလေးလုံးကို တွေ့ဖူးသည်မှအပ ရှေ့ဆက်၍ရလည်းမရပေ။ ထူးထူးထွေထွေ အဘယ်မျှလောက်တတ်မြောက်နေသည်ကို ယောကျ်ားပျိုအား စမ်းသပ်
mgyoe.com

mgyoe.com


တီးခေါက်ကြည့်ရှုမှုဖြစ်သောကြောင့် မိမိထင်သည်ထက်ပို၍ ဒိုးဒိုးဒေါက်ဒေါက် ပြောဆို၍ တီးပြသောအခါ ခင်မြမြ၏ ကြည်ညိုရှင်းသည် ဆတက်ထမ်းပိုး တိုးတက်၍လာလေ၏။

ယောက်ျားပျိုသည် သီချင်းခံ၊ ဘွဲ့၊ ကြိုး၊ ယိုးဒယား၊ ပတ်ပျိုးများကို တစ်ပုဒ်ပြီးတစ်ပုဒ် တီးခေါက်၍သွားပြီး နောက်ဆုံးတွင် "ဝတ်ရုံတော်ကြိုး ၅ ပုဒ်" နှင့် လက်စသတ်ကာ "တော်ရောပေါ့ ... တစ်နာရီလောက် ကြာသွားပြီ" ဟု ခင်မြမြဘက် မလှည့်ဘဲ ထားမူကိုကြည့်ကာ ပြောသဖြင့် ဤတစ်ကြိမ်တွင် ခင်မြမြသည် ယောက်ျားပျို၏ ချောမောလှပ ယောက်ျားပီသသော မျက်နှာကို ဒုတိယအကြိမ် နီးနီးကပ်ကပ် မြင်လိုက်ရလေ၏။

ထားမူကတစ်ဆင့် လှမ်း၍ "ကဲ ... ကျေနပ်ပလား၊ ကိုမြင့်တော့ ညောင်းနေပြီ" ဟု လှည့်ပြောသည့်အတွက်

"ကျေနပ်ရမှာပေါ့ ... သူတစ်ပါးအိမ်လာပြီး ဇွတ်အစမ္မခိုင်းနေလို့တော့ ဘယ်ဖြစ်လိမ့်မလဲ။ နားထောင်လို့ သိပ်ကောင်းတာ"

ယောက်ျားပျိုထံမှ စကားပြန်မရ။ ထားမူကို ကြည့်နေသော မျက်နှာမှာ ပြုံးယောင်ယောင်ပေါ်၍လာပြီး ထိုင်ရာမှ ထရပ်လိုက်စဉ် ထားမူက ဆီး၍ ...

"ကိုမြင့် ထိုင်ပါဦး ... ခင်မြမြ လက်သံကလေး နီးနီးကပ်ကပ် နားထောင်ရအောင်။ ကဲ ... မြအလှည့်ရောက်ပြီ။ တစ်ပုဒ်လောက် လုပ်စမ်းပါ" ဟု ခင်မြမြကို

mgyoe.com

mgyoe.com


စန္ဒရားနားသို့ အားနှင့်တွန်းထိုးနေသဖြင့်

"အို ... နေပါစေတော့လား၊ ခုတင်က ခံစားထားတဲ့ နားအရသာကလေး ကုလားဖုံရှုပ်ထွေးသလို ဖြစ်ကုန်ပါ့မယ်" ဟု ထိုင်နေသော ဆိုဖာကို အတင်းတွယ်၍ အတန်တန် ငြင်းပယ်သည့်တိုင် ...။

"အို ... ဈေးမတက်နဲ့။ ဆိုလည်းဆို၊ တီးလည်းတီး ရမယ်။ (အနီးတွင် မျက်နှာပိုးသပ်ကာ ထိုင်မိလျက်ဖြစ်နေသော ကိုမြင့်ဆိုသူဘက်လှည့်၍) ကိုမြင့် မှားရင် ပြင်ပေးနော် ...။ ထား သူငယ်ချင်းက သိပ် မကျွမ်းကျင်သေးဘူး" ဟု ဟိုဘက်ဒီဘက် မည်သူမျှ မကန့်ကွက်နိုင်အောင် ထားမူက အစမ္ပဓာတ်ထွက်နေသောအချိန်တွင် ခင်မြမြသည် စန္ဒရားဘေးကို မှီရပ်နေပြီးဖြစ်လေ၏။ ထို့နောက်မှ ကိုယ်ကလေးလှည့်ပြီး။

"မြ .. ကိုင်ကြည့်မယ်နော် ... ကိုင်ရမလား..." ဟု ယောကျ်ားပျိုကို မကြည့်ဘဲ ထားမူကို လှည့်မေးစဉ်

"အို ... မြ သိပ်စကားကြော ရှည်တာပဲ။ တီးစမ်းပါ ဆိုနေ"

"သိဘူး ... ဥစ္စာရှင် ကျေနပ်မှ ကောင်းတာ၊ ထားကသာ သဘောကောင်းနေတယ်၊ ဥစ္စာရှင်က ဘယ်လို မှန်းမှ မသိဘဲ။ ဒီလို အဖိုးတန်ကြီး မတော်တဆ ချစ်ရာ၊ ပြုရာတွေ ထင်သွားမလားလို့" နေရာတကျထိုင်ပြီး ခင်မြမြသည် စန္ဒရားကို ဖြူဖွေးသေးသွယ် လက်ချောင်းငယ်ကလေးများဖြင့် စမ်းစပြုလေ၏။

mgyoe.com

mgyoe.com


တီးစရာ၊ ဆိုစရာဟူ၍ အစရှာမရချေ။ မိမိရသမျှ ၄၊ ၅ ဆယ်ပုဒ်မှာ အလွမ်းနှင့်အဆွေး မယ်ဘွဲ့ မောင်ဘွဲ့ ကလေးများသာဖြစ်၍ သုတိသြဘာ မင်္ဂလာရှိပြီး အသား ပြည့်ပြည့် အနှစ်ပါပါ၊ ထီးမူနန်းရာ သီချင်းများကိုမူ နှစ်သက်သော အိမ်ရှင်ယောကျ်ားပျိုရှေ့တွင် ကျားတွေ့သော ယုန်မကလေးသို့ ရွံ့သွေးများ မွှေနှောက်၍လာလေ၏။

ထို့နောက်မှ "စိန်ငွေလျှံပတ်ပျိုးတော့ ရသလိုလို ရှိတာပဲ။ ဒါပေမဲ့ မှားချင်မှားနေမှာ...။ ပြီးတော့ အတီး သက်သက်တော်ပြီ။ ဖေဖေကြီး ကြားမှာစိုးလို့ မဆိုပါရစေနဲ့။ အိမ်မှာဆိုရင်တော့ ကိစ္စမရှိပါဘူး။ ကဲ... ထားက မှားရင် ထောက်ပေးနော်" ဟု ကိုယ်ကလေးလှည့်၍ ထား မူကိုပြောရာမှ ခင်မြမြ၏ ကြည်လင်သော မျက်စိနှစ်လုံး သည် မပြုံးမရယ် ကျောက်ရုပ်သဖွယ် ငြိမ်နေသော ယောကျ်ားပျိုမျက်နှာပေါ် တစ်ချက်မျှ ရပ်နားဖြတ်ကျော် သွားပြီးမှ ပါးစပ်ကလေးလှုပ်ကာလှုပ်ကာ စ၍တီးလေ၏။

ပတ်ပျိုးဆုံးသောအခါ "လွမ်းစေဖို့ကြုံ ..." ဟု ပါး စပ်က ထွက်သွားပြီးမှ လျင်မြန်စွာ ပြန်ပိတ်လျက်။

'အို ... တော်ပါပြီ၊ သဖြန်တော့ ရလည်း မရပါဘူး' ဟု ပြောကာ ခင်မြမြသည် ထိုင်ရာမှ ထရပ်လိုက်လေ ၏။ အကြောင်းမူကား ထိုသဖြန်မှာ စိန်ငွေလျှံပတ်ပျိုး ဆုံးလျှင် ဆိုရမြဲဖြစ်၍ လွမ်းစေဖို့ကြုံက စပြီး ဖော်မဲ့ သူပန်း ... ဟူ၍ ဆုံးထားရာ တမင်ဝွတိုက်၍ ဆိုသည့် တိုင်အောင် မိမိအား အိမ်ပေါ်မှ နှင်ချမည်မဟုတ်သော်

mgyoe.com

mgyoe.com

လည်း ထားမူပြောပြ၍ သိရသော အနီး၌ရှိနေသူ၏ ဝါဒ ကို ရုတ်တရက် သတိရမိခြင်းဖြစ်လေ၏။

'စန္ဒရားကြီးဟာ သိပ်မြည်တာပဲ။ မြည်သလောက် လည်း သာယာတယ်။ မြ စန္ဒရားကြီးနဲ့ အပိုင်လဲပစ် လိုက်ရရင် ဘယ်လိုနေမယ်မသိဘူး' ဟု သွားကလေး ပေါ်အောင် ပြုံးရယ်ပြောရင်း အနီးရှိ ယောက်ျားပျိုကို အမှတ်မဲ့ကြည့်သည်တွင် ယောက်ျားပျိုမှာ ခင်မြမြကို တိုက်ရိုက်မကြည့်ဘဲ ခပ်ပြုံးပြုံးဖြစ်နေသည့်အတွက်။

'လကားနော် ... လကားပြောတာ။ တကယ်မှတ်လို့ စိတ်မကောင်းဖြစ်နေပါဦးမယ်။ မြ ... လူကဲခတ် မညံ့ ပါဘူး။ ထားတို့ ဆွေတော်မျိုးတော်တွေက ပစ္စည်းဆို ရင် အင်မတန် ခုံမင်တာနော်။ ကဲ ... ကဲ ... အချိန်လည်း မရှိဘူး။ မှောင်လည်း မှောင်လှပြီ။ အိမ်က မျှော်နေ ရော့မယ်' လို့ ခင်မြမြက လှေခါးဘက် ကြည့်သည်တွင်။

'နေပါဦးလား မြရဲ့၊ အိမ်ဝေးတာမှ မဟုတ်ဘဲ။ ဘယ်အချိန်ကူးသွား ကူးသွား ဖြစ်တာပဲ'

'ဟာ... ဖေဖေကြီးမျှော်ရော့မယ်။ ဘုရားကိုးဆူ ပူဇော် တာ တစ်ခုခုဝိုင်းဝန်းလုပ်ကိုင်ရရင် တော်ပါရဲ့၊ ခုတော့ သက်သက်မဲ့ စားရုံ၊ သောက်ရုံဖြစ်နေတာပဲ။ မခေါ်မဖိတ် ဘဲ လာတာပဲ လွန်လှပြီ' ဟုပြောကာ ခင်မြမြက အိမ်ရှင် ယောက်ျားပျိုကို တမင်စောင်းချိတ်နေသဖြင့် ထားမှာ ခွက်ထိုးခွက်လန်ကလေးသာ ရယ်မောနေရလေ၏။

'ကဲ ... ခွင့်ပြုပါဦး၊ နောက်များမှ လာသေးတာ

mgyoe.com

mgyoe.com


ပေါ့။ လာမယ်နော် … လာရမလား မထားမူ’ ဟု ပြော ရာမှ အောက်ထပ်သို့ဆင်း၍သွားလေရာ ထားမူသည် ခင်မြမြ၏အပြောအဆိုကို သဘောကျသကဲ့သို့ ခေါင်း ကလေးညိတ်ကာ၊ ရယ်မောကာဖြင့် ကျန်ရစ်လေ၏။

ထိုနေ့ညတွင် တစ်ဖက်တိုက်ကြီး၌ ဓာတ်မီးများ ထိန်ထိန်ဝေလျက်ရှိ၏။ ၁၀ နာရီကျော် ၁၁ နာရီလောက် ရှိသောအခါ ဘုရားပင့်၊ ပရိတ်ရွတ်၊ မေတ္တာပို့ စသည် ဖြင့် ဌာန်ကရိုဏ်းကျကျ ဆွဲဆွဲငင်ငင်ရွတ်ကာ ငြိုပြဟ်ပင့် ငြိုပြဟ်နှင်များကိုပါ ကြားရလေ၏။ ထိုအသံမှာ အခြား တစ်စုံတစ်ယောက်၏အသံမဟုတ်ဘဲ ယောကျ်ားပျို၏ အသံဖြစ်ကြောင်း ခင်မြမြ ကောင်းကောင်းကျက်မိ၏။ ‘ဒီလူဟာ ဒီဘက်က တော်တော်စုံတဲ့လူပဲ’ ဟူ၍လည်း အိပ်ယာပေါ်လှဲကာ တွေး၍နေလေ၏။ အသံနေအသံ ထားနှင့် အဆက်မပြတ်ရွတ်ဆိုနေသံကြောင့် ညဦးက မရည်ရွယ်ဘဲ ရောက်သွားခြင်းကို အမှတ်ရကာ တစ် ဖန် မိမိနှင့် ယောကျ်ားပျို တစ်ခွန်းတစ်ပါဒမျှ တိုက်ရိုက် စကားမပြောခဲ့ရခြင်းကို သတိရလေ၏။ စင်စစ် မိမိ ယောကျ်ားပျိုအား အရိုးခံစိတ်ထားအလျောက် စတင် နှုတ်ဆက်ရန် ဝန်မလေးပေ။ ယောကျ်ားပျိုကလည်း စကားပြန်မရသည်အထိ ရိုင်းစိုင်းမည်မဟုတ်။ သို့ရာ တွင် ထားမူထံမှ သိရချက်အတိုင်း အချစ်ရောဂါ ခံစား ဖူးသူတစ်ယောက်ဖြစ်၍ မိန်းမ ကြောက်သည့်ဘဝမျိုးသို့ ရောက်နေသူ၏အဖြစ်ကို ငဲ့ညှာထောက်ထား၍သာ

mgyoe.com

mgyoe.com

တိုက်ရိုက်မခေါ်မပြောခဲ့ခြင်းဖြစ်၏။

နောက်ဆုံးစဉ်းစားမိသည်ကား လေ့ခါးလယ်တွင် တစ်ကြိမ်၊ စန္ဒရားတီးပြရန်လုပ်စဉ်တစ်ကြိမ် စေ့စေ့စပ်စပ်ကြည့်မိခြင်းကြောင့် အသေအချာ မှတ်မိသော ယောက်ျားပျို၏ မျက်နှာပင်ဖြစ်ရာ ဤကဲ့သို့ ဣန္ဒြေလည်းရှိ၊ ပစ္စည်းပြည့်ဝ ဓနခိုင်ခန့်၍ ရုပ်ရည်ပါ သန့်ပြန့်ချောမောသော အကြင်ယောက်ျားပျိုတစ်ယောက်ကို ထောက်ထားညှာတာကင်းမဲ့သော သန်းနွယ်ဆိုသူ မိန်းကလေးသည် အဘယ်အတွေးမျိုးကြောင့် ဖြစ်ပါမည်နည်းဟု စဉ်းစားကာ နောက်ဆုံးတွင် သန်းနွယ်ဆိုသူအား စိတ်ပေါက်၊ ယောက်ျားပျိုအား ကရုဏာကလေး နှောက်၍လာလေ၏။

■

mgyoe.com

mgyoe.com

## အခန်း (၃)

တပေါင်းတန်ခူးကြဲ၍ လေရူးနောက်သို့ မိုးပေါက်ကလေးများ လိုက်ပါလာရသော ကဆုန်လဆန်းစ အချိန်သည် ညှိုးမှိန်သွေ့ခြောက်ရာမှ ရာသီနှိုးစ ရွက်သစ်တိုးစဖြစ်သော သစ်ပင်ကြီးငယ်တို့အား မျက်နှာသစ်၊ ရေချိုးပေးသကဲ့သို့ ရှိ၏။ မချုန်းဘဲ ဖြုန်းခနဲရွာတဲ့ မိုးဆိုသည်မှာ ထိုမိုးကို ဆိုရမည်လားမသိ။ ထိုနှစ်အဖို့တွင် ပထမဆုံးရွာချသော ရေ့တော်ပြေးမိုးဖြစ်သည့်ပြင် ရွာမည့်အရိပ်အဆင်ဟူ၍ ကောင်းကင်ပြင်၌ များစွာမရှိလှဘဲ ရုတ်တရက် ရှောင်တခင်ဖြစ်သောကြောင့် ခရီးသွားများမှာ ဟိုပြေးဒီလွှား ထီးမပါသဖြင့် ကိစ္စများသွားကြလေ၏။

ပတ်လမ်းကလေးပေါ်တွင် မိန်းမပျိုတစ်ယောက်မှာ အပြေးအလွှား သလုံးသားကလေးပေါ်အောင် ထဘီစွန်တောင်ဆွဲလျက် ဆံပင်နောက်တွဲကလေးကို လက်နှင့်အုပ်ရင်း ခပ်သုတ်သုတ်နှင်လျက်ရှိသည်ကို တွေ့ရလေ

mgyoe.com

mgyoe.com


၏။ မိုးပေါက်များမှာ မိန်းမပျို၏ ပါးလွှာသော ပဒုမ္မာ အင်္ကျီကလေးကို အားကုန်ပက်ဖြန်းလျက် ဖြူဖွေးသော အသွေးအရောင်ကို ဘွားခနဲပေါ်အောင် သရမ်းလိုက် သည့်ပြင် တစ်စတစ်စ အတင့်ရဲလာပြန်သောကြောင့် ရှေ့သို့ဆက်ပြေးရန် ချိန်ရွယ်နေသော မိန်းမပျိုကလေး မှာ ခြံကြီးတစ်ခုအတွင်းသို့ ရုတ်တရက်ချိုးဝင်ပြီး တိုက် တစ်လုံး၏ ဆင်ဝင်အောက်သို့ အပြေးလျှောက်၍သွား လေ၏။

တိုက်အတွင်းဘက်သို့ကြည့်ရင်း စိုရွှဲနေသော မိုး ရေများကြောင့် ပခုံးစွန်းတစ်ဖက် အင်္ကျီစကလေးကို ဆွဲ ယူ ခါချနေစဉ် တိုက်အတွင်းမှ သတင်းစာတစ်စောင် ချိုင်းကြားညှပ်လျက် ယောက်ျားပျိုတစ်ယောက် ထွက်၍ လာပြီး မိန်းမပျိုအား မျက်နှာခပ်တင်းတင်းနှင့် ကြည့်၍ နေလေ၏။

'ဘာကိစ္စပါလိမ့် ... ဒေါ်ဒေါ့်ကို တွေ့ချင်လို့လား။ အပေါ်မယ် ရှိပါတယ်။ ခေါ်လိုက်ရမလား'

'မဟုတ်ဘူးရှင့် နေပါစေ။ လမ်းလျှောက်ထွက်ရင်း မိုးကလည်း ပြင်းတာနဲ့ စွပ်မိစွပ်ရာ ဝင်ပြေးလာတယ်'

မိန်းမပျိုက ကတုန်ကယင်အသံမျိုးနှင့်ပြောရာ ယောက်ျားပျိုသည် ချာခနဲ လှည့်၍ဝင်သွားလေ၏။ ခေတ္တမျှကြာလျှင် အပေါ်ထပ်မှ မိန်းမကြီးတစ်ယောက် ဆင်းလာလျက် ...။

"ဟင် ... ခင်မြမြပါလား။ မိုးမိလာတယ်ဆို ...။

mgyoe.com

mgyoe.com

ခင်မောင်မြင့်က ဟိုဘက်တိုက်ကြီးက မိန်းကလေး အောက်ထပ်ကို ရောက်နေတယ်ဆိုတော့ ဇဝေဇဝါထင်မိတယ်။ လက်စသတ်တော့ ခင်မြမြကိုး။ အခါမရွေး ဝင်ထွက်ပါကွယ်။ ဒေါ်ဒေါ်တို့မလဲ အပေါင်းအဖော်များများ ရှိတာမှမဟုတ်ဘဲ' ဟု ပြောကာ အနီး၌ဝင်ထိုင်လေ၏။

ခင်မြမြသည် နားစိုက်ထောင်နေရာမှာ 'ခင်မောင်မြင့်' ဟူသော အသံကို ကြားလိုက်သဖြင့် ရှေးက ကိုမြင့်ဟူ၍သာ သိခဲ့ရသော ကာယကံရှင်၏အမည်ရင်းမှာ ခင်မောင်မြင့်ဖြစ်ကြောင်း ထိုနေ့မှ သိရလေ၏။

အတော်ကြာ တောင်ရောက်မြောက်ရောက် စပ်မိစပ်ရာ စကားပြောနေကြသော်လည်း မိုးမှာ ရပ်စဲခြင်းမရှိ၊ အညိုးနှင့် ဖိရွာသလိုလိုရှိရာ ခင်မြမြသည် မိုးအခြေအနေကို လှမ်းမျှော်၍ကြည့်နေဆဲ။

'လာလေ ... အပေါ်တက်ချည်။ မိုးက တော်ရုံနဲ့ တိတ်ပုံမရပါဘူး။ အိမ်အနီးကလေးဟာ ... ဖြည်းဖြည်း ပြန်တာပေါ့' ဟု အဒေါ်ကြီးက ခေါ်ခေါ်ပြောပြော ထိုင်ရာမှ ထလိုက်သဖြင့်။

'နေပါစေ ဒေါ်ဒေါ် ... ဒီတင် တော်ပါပြီ' ဟု ငြင်းပယ်သည့်တိုင်

'အို ... လာပါ တူမရဲ့။ တခြားအိမ်လိုက်လို့၊ တက်သာ တက်ပါ။ တူမက စန္ဒရားဝါသနာပါတယ်မဟုတ်လား။ အပျင်းပြေ တီးချင်တီးပေါ့' ဟု လက်ကိုဆွဲရင်း ခေါ်သောကြောင့် လိုက်ပါ၍သွားရလေ၏။
mgyoe.com

mgyoe.com


အပေါ်ထပ်၌ကား ... လူမနေသော ကျောက်ဂူကြီးလို ငြိမ်သက်ကာ ခင်မောင်မြင့်မှာမူ စန္ဒရားအနီး ဂျပ်ထူဖုံးကြီးနှင့် ရွှေနားကွပ်ထားသော စာအုပ်ကြီးတစ်ခုကို စိတ်ဝင်စားစွာ ဖတ်ရှု၍နေလေ၏။

အနီးသို့ရောက်လျှင်ပင် စာအုပ်ကိုပိတ်လျက် တစ်နေရာသို့ ထွက်ခွာသွားတော့မည်ကဲ့သို့ ထိုင်ရာမှ ထလိုက်သောကြောင့် အဒေါ်ကြီးက

'ခင်မောင်မြင့်ရေ ... မင့်နှမ စန္ဒယားတီးပါစေ ... မတီးလည်း စကားထိုင်ပြောနေကြတာပေါ့။ လုပ်စရာရှိတာကလေး လုပ်လိုက်ပါရစေဦး' ဟု ပြောပြောဆိုဆို နောက်ဖေးဘက် ဝင်၍သွားရာ ခင်မြမြမှာ မျက်နှာကြောင်ကြောင်ကလေးဖြင့်ပင် ခင်မောင်မြင့်အား ခပ်ပြုံးပြုံးလှမ်းကြည့်ရင်း စန္ဒရားနှင့် မနီးမဝေးထိုင်လိုက်သည့်အတွက် ခင်မောင်မြင့်လည်း ခြေကိုရုပ်သိမ်းကာ မူလနေရာတွင် ထိုင်လိုက်ပြန်လေ၏။

အတော်ကြာသွားသော်လည်း တယောက်နှင့်တစ်ယောက် စကားအပေးအယူမရှိဘဲ ငြိမ်သက်၍နေကြရာ ခင်မြမြက တိတ်ဆိတ်ခြင်းကို ဖြိုခွဲသကဲ့သို့

'ဒီနှစ် မိုးရွာတာ သိပ်စောတာပဲ' ဟု စ၍ပြောလေ၏။

ခင်မောင်မြင့်ကား မလှုပ်မယှက်၊ စာအုပ်ပေါ် ငြိမ်သက်စွာ စူးစိုက်လျက်ရှိ၏။ ခင်မြမြမှာ ဟိုဟိုဒီဒီကြည့်ရင်း

mgyoe.com

mgyoe.com


'စန္ဒရားကြီးဟာ သိပ်ကောင်းတာပဲ။ ၁၄၀၀ ကျပ်တောင် ပေးရတယ်ဆို ဟုတ်ကဲ့လား အစ်ကိုကြီး'

'ဟုတ်ကဲ့' ဟု ခင်မောင်မြင့်သည် လှည့်မကြည့်ဘဲ ခေါင်းတစ်ချက်ညိတ်သဖြင့်။

'မထားမှုတစ်ယောက် မလာဘူးလား'

'မလာဘူး'

'မနေ့က ချစ်သမျှကိုပတ်ပျိုးဟာ အစ်ကိုကြီး ကြောင်းပေးလို့ ကျွန်မ အမှန်ကိုသိတော့တယ်။ သိပ်ကျေးဇူးတင်တာပဲ'

'အင်း ...'

'မနေ့က ကျွန်မတီးတဲ့ စိန်ငွေလျှံပတ်ပျိုးဟာ အမှားအယွင်းများ ပါနေသေးသလားရှင့်'

'သတိမထားမိဘူး၊ ခင်ဗျား ... အိမ်ပြန်ဖို့ ထီးယူမလား'

ခင်မြမြမှာ မျက်လုံးပြူး၍သွားလျက် 'ကျွန်မ အစ်ကိုကြီးကို နှောင့်ယှက်နေသလား'

'မဟုတ်ပါဘူး ... ပြန်ချင်ရင် ပြောတယ်' တစ်ချက်လှည့်ကြည့်ပြီး စာအုပ်နှင့်မျက်နှာ ပြန်တပ်လိုက်သည့်အတွက် 'ငါ လာမိတာ မှားသွားပြီ' ဟု အနေအထိုင်ခက်လာကာ တဖြောက်ဖြောက် ကျဆင်းနေသော မိုးပေါက်များကို ဖြတ်ကျော်ပြီး မိမိတိုက်ကြီးဆီသို့ ကြည့်၍နေလေ၏။ ဖခင် ဦးရွှေလှမှာ အပြင်သို့ မော်တော်ကားဖြင့် ထွက်ခွာသွားသောကြောင့် ယခုကဲ့သို့ မိုးရွာ

mgyoe.com

mgyoe.com



နေဆဲ မိမိ ဤတိုက်ပေါ်သို့ မရည်ရွယ်ဘဲ ရောက်နေခြင်းနှင့်ပတ်သက်၍ စိုးရိမ်ခြင်းမရှိလှချေ။ ထိုးတစ်လက်ခေတ္တငှား၍ပြန်လျှင် ကောင်းလေမည်လားဟု စဉ်းစားရင်း စန္ဒရားအထက် လှပသားနားသော စင်တစ်ခုပေါ်တွင် ပစ္စည်းတစ်စုံတစ်ရာကို ကတ္တီပါအဝတ်ဖြင့် ဖုံးထားသည်ကို ကြည့်၍နေလေ၏။

ထိုပစ္စည်းမှာ ထားမူထံမှ သိရပြီးဖြစ်၍ စောင်းကောက်ဖြစ်ကြောင်း ကောင်းကောင်းအကဲခတ်မိ၏။ ကတ္တီပါအဝတ်ဖုံးနှင့်ကပ်၍ အုတ်နံရံတွင် ချိတ်ဆွဲထားသော ရှေးဆန်ဆန်ရိုက်ကူးထားသည့် အသက် ၆၀ ထက်မငယ်သော အဘိုးကြီးတစ်ယောက်၏ပုံမှာ လှပခိုင်ခန့်သော ယိုးဒယားပန်းခက်ဖော် သစ်သားဘောင်ကြီးနှင့်ဖြစ်သောကြောင့် မည်သူပါလိမ့်မလဲဟု အကဲခတ်၍ နေလေ၏။

ထိုအခိုက် ခင်မောင်မြင့်မှာ စာအုပ်ကြီးကို ပိတ်လိုက်လျက် 'ပျင်းနေသလား ... စန္ဒရားတီးချင် တီးပါလား' ဟု ဆိုသောကြောင့်။

'ဟုတ်ကဲ့ ... သင်အဖြစ်နဲ့ ဆိုရင်တော့ တီးချင်ပါရဲ့ဆရာ'

ခင်မောင်မြင့်ထံမှ ကြားလိုက်ရသော ထိုစကားတစ်လုံးသည် ခင်မြမြ၏စိတ်၌ ပုလဲတစ်လုံးမျှ ထင်မိ၏။ အမှန်အားဖြင့် မိမိကဲ့သို့ ပြင်းပြစွဲလန်းခဲ့သော တူရိယာဝါသနာကို နှစ်သိမ့်ကျေချမ်းစေနိုင်သူမှာ ခင်မောင်မြင့်

mgyoe.com

mgyoe.com


လို ဆရာကောင်းတစ်ဦးမှ ဖြစ်နိုင်မည်ဟု တွေးခေါ် မျှော်လင့်ခဲ့သော ရက်ပေါင်းကား အတော်ကြာခဲ့ပေပြီ။ မိမိ၏ တောင့်တချက်သည် တစ်ဖက်သတ်သာဖြစ်သည်။ မိမိ သိရသမျှအတိုင်းဆိုလျှင် ခင်မောင်မြင့်သည် မိမိကဲ့သို့သော မိန်းကလေးတစ်ယောက်နှင့် နီးကပ်ဖို့အလုပ်ကို စက်ဆုပ်လိမ့်မည်မှာ မလွဲဟု တထစ်ချ ယူဆခဲ့ရာမှ ယခုကဲ့သို့ အနီး၌ထိုင်ပြီး ပြောဖော်ရခြင်းကိုပင် ဝမ်းမြောက်မဆုံးဖြစ်မိလေ၏။

'နို့ ... ဂီတသုတေသနအသင်း ဝင်ထားတယ်ဆို။ မထားမူ တစ်ခါက ပြောဖူးတယ် ... နည်းနည်းပါးပါး ကျွမ်းကျင်မှာပေါ့'

'ဟုတ်ကဲ့ ... ဝါသနာပါလို့ ဝင်ထားတာပဲ ဆရာရဲ့။ ဒါပေမဲ့ မြတို့က မကျွမ်းကျင်ပါဘူး။ ဆည်းပူးတုန်းပါပဲ'

'ဩော် ... ရေရေလည်လည် တတ်မြောက်ချင်တယ်ဆိုပါတော့။ သင်မယ်ဆို သင်ရပါတယ်။ နို့ ... ကိုယ်ပိုင်စန္ဒရားလည်း ရှိသားမဟုတ်လား။ ဒီဘက်တိုက်နဲ့ ဟိုဘက်တိုက်ဟာ ကောင်းကောင်းကြားနိုင်တာပဲ။ ဒီက တီးပြရင် လိုက်တီးနိုင်သပေါ့'

ခင်မြမြ၏ ပြုံးရွှင်နေသော မျက်နှာမှာ ရုတ်တရက် ပြောင်းလဲသွားကာ မျှော်လင့်ချက်နှင့် တက်တက်စင် လွဲနေသည့်အတွက်။

'အရင် တီးပြသလိုဆိုပါတော့။ ဖြစ်နိုင်ပါတယ်။

mgyoe.com

mgyoe.com

တစ်ခါတလေ အသံဖမ်းရာမှာ အစမ်းခက်တော့ အခုလို နားရော၊ မျက်စိရော သေသေချာချာ ကြည့်သင်ရရင် သာကောင်းမလားလို့'

ခင်မောင်မြင့်သည် တစ်စုံတစ်ရာကို တွေးတောသလို အတော်ကြာ ငြိမ်သက်နေရာမှ။

'ဒီက တကယ်ဝါသနာပါတယ်နော် ... ဒါဖြင့် သဘောအတိုင်း သင်တာပေါ့။ သင်ရပါတယ်' ဟု ပြောကာ စန္ဒရားနားသို့ ရွှေ့၍ထိုင်လေ၏။ ခင်မြမြကလည်း ခင်မောင်မြင့်နှင့် ခပ်ကွာကွာ စန္ဒရားထောင့်စွန်းသို့ ရွှေ့ထိုင်လိုက်စဉ်။

'ဒီကနာမည် ဘယ်လိုခေါ်သလဲ၊ ခင်မြမြဆိုတာ ဟုတ်ရဲ့လား'

'ဟုတ်ကဲ့ရှင် ... ခင်မြမြ'

'နာမည်ကလေးကတော့ အထက်တန်းပဲ။ ဗမာအမျိုးသမီးတွေ အခုလို ခင်မြမြတို့၊ ခင်မမတို့၊ မမခင်တို့၊ ခင်စောမူတို့ မှည့်ခေါ်ဖို့ အများကြီးလိုတယ်။ ဒီလိုနာမည်ရှင်တွေ အထက်တန်းကျပြီး ကြီးကြီးကျယ်ကျယ်ဖြစ်ကြတာပဲ။ ဒေါ်မေမေခင်ကို ကြည့်ပါလား'

'ဆရာ့နာမည် ခင်မောင်မြင့်နော် ...'

'ဟုတ်တယ် ... ခင်မောင်မြင့်'

စန္ဒရားပေါ် လက်ချောင်းများတင်လျက် ဒေါင်ဒေါင်ဒင်ဒင် သံလုံးများ ရောယှက်သွားအောင် ဆွဲလိုက်ရာ သွပ်မိုးပေါ်ကျသဖြင့် တဖြောင်းဖြောင်းမြည်နေသော

mgyoe.com

mgyoe.com


မိုးသံနှင့် ရောထွေး၍သွားလေ၏။

'ဘာသီချင်းတီးရမလဲ၊ အသစ်တက်မလား။ ဒါမှ မဟုတ် ရပြီးသားထဲက လက်သံမှန် မမှန် ပြန်စမ်းမလား'

'ဂန္ဓမာတောင်တော့ မြ သဘောကျတယ်ဆရာ'

'ဂန္ဓမာတောင်ဟာ ဘွဲ့နဲ့ ပတ်ပျိုး နှစ်မျိုးရှိတယ်။ တစ်မျိုးဟာ မြဝတီမင်းကြီးရေးတယ်။ တစ်မျိုးဟာတော့ ဇာတ်ဆရာကိုကျော့ကျက်ခဲဆိုတာ ရေးတယ်'

'မြ မသိဘူးရှင့် ... မဥ္ဇူသကပန်းအကြောင်း ပါတာလေ ...'

'သြော် ... မြဝတီမင်းကြီးရေးတဲ့ ဘွဲ့ပေါ့။ ကဲ... နားလည်းထောင်၊ ကြည့်လည်း ကြည့်' ဟုပြောကာ

'ဂန္ဓမာတောင် ... လိုဏ်ချောင်မုခ်နန်း ဂူငယ်မှာ မွေးတကြုကြု ... မဥ္ဇူတည့်နတ်ပန်းပင် ...' စသည်ဖြင့် အဆိုနှင့်အတီး တွဲ၍သွားလေ၏။ အတော်ကြာ၍ အဆုံး သတ်လိုက်လျှင် ခင်မြမြသည် စိတ်ဝင်စား စူးစိုက်နေ သကဲ့သို့ တွေတွေကလေးနေရာမှ။

'သိပ် နားထောင်ကောင်းတာပဲ။ ဆရာ အဆိုလည်း ကောင်းကောင်းနိုင်တယ်နော်။ နို့ ခုတင်က ကိုကျော့ကျက်ခဲ ရေးတယ်ဆိုတဲ့ ဂန္ဓမာတောင်က ...'

'ဟာ ... မကောင်းပါဘူး၊ မကောင်းဘူးဆိုလို့ သီချင်းကို ပုတ်ခတ်တယ်မထင်နဲ့။ အသားရော၊ အသွား ပါ တော်ပါတယ်။ သုတိသြဘာ မင်္ဂလာ ကင်းတယ်လို့ ဆိုရမှာပေါ့။ (ပန်းဖြေကာ ပူပုံပိုပွား နံးတလျှလျှ ... နွမ်း

mgyoe.com

mgyoe.com


တလျှော့လျှော့) တွေ ပါနေတယ်။ ဒီမှာ ဘယ်တော့မှ မတိုးမဆိုဘူး'

ခင်မြမြအဖို့ မထူးခြားလှချေ။ သီချင်းသားကို မသိခြင်းကြောင့်သာ တိုက်တွန်းရခြင်းဖြစ်၏။ ပြောလက်စရှိမှ သေသေချာချာ အကျိုးအကြောင်းသိအောင် စုံစမ်းတော့မည်ဟု စန္ဒရားပေါ် လက်တစ်ဖက် ကွေး၍တင်ကာ။

'ဒါပါကော ဘာပြုတုန်း ဆရာ ...၊ ရှေးက တခဲတယဉ်းရေးထားခဲ့ကြတာပဲ။ ဒီအတိုင်းဆိုရင် ... စိန်ချယ်ခြူးသန်းတို့၊ လွမ်းပိုအောင်ဆိုတဲ့ ယိုးဒယား ချူးချားအလိုက်တို့၊ သီတာသောင်ခြေပတ်ပျိုးတို့ အများကြီး ဖယ်ပစ်လိုက်ရမပေါ့။ ရသ (၉)ပါးရဲ့အပြင်က မဟုတ်ပါဘဲလား ဆရာရဲ့ ...'

'ဗမာပြည်အခြေအနေဟာ ဘယ်လိုဖြစ်နေတယ်ဆိုတာ ခင်မြမြ သတိမမူမိဘူး ထင်ပါရဲ့။ သေလုနီး လူမမာနားမှာ မျောက်မင်းအူသံသွားတီးရင် တော်ပါ့မလား။ ရတနာပူရ အင်းဝပြည်ကြီး ပျက်စီးလုနီးတုန်းက ကဗျာဆရာတွေ မဏိခက်ပျို့၊ မနော်ပျို့၊ သမုဒ္ဒဃောသပျို့၊ သူဇာပျို့၊ ရွှယဉ်ပျို့၊ အူရွှပျို့၊ လူးတား၊ အဲ၊ အန်၊ တဘောင်သံ၊ တေးတျာတို့ကို ရေးကြတယ်။ ခုတင်က ပြောတဲ့ သုတိသြဘာ မင်္ဂလာရှိတာ အနည်းအကျဉ်းသာ ပါပြီး အပူတိုက်တွေသာ များနေတယ်။ ဒါကြောင့် အင်းဝပြည်ကြီး ပျက်စီးတယ်လို့ ပညာရှိတွေ ယူဆတာ

mgyoe.com

mgyoe.com


ပေါ့။ ပွဲများမှာ လွှမ်းခန်းကျမှ ငိုချင်းဆိုတယ်။ ငိုချင်းဆိုရင် လွှမ်းခန်းပဲ။ ဗမာလူမျိုးတွေရဲ့ ပါးစပ်မှာ ထီးဘွဲ့ နန်းဘွဲ့ ကြင့်နန်းဘွဲ့ထက် အပူတိုက်တွေ ခုံမင်နေပုံကို ထောက်ရင် ဗမာပြည် လွှမ်းနာကျပြီး လွတ်လပ်ရေးနဲ့ ဝေးနေတာ ဘာမှ အံ့သြစရာမရှိဘူး'

'ဟုတ်ကဲ့ရှင့်'

ခင်မောင်မြင့်သည် တစ်စုံတစ်ရာ ပြန်မပြောတော့ဘဲ 'မှန်ညောင်သဥ္ဇာ ညီလာပတ်ဝန်းမြိုင်၊ ခညောင်းသဘင်၊ ဦးကင်မြင့် ရဝေဆိုင် ...' စသည်ဖြင့် ဝတ်ရုံတော်ကြိုး ငါးပုဒ်ကို စတင်တီးဆိုလေ၏။ ထို့နောက် ရွှေဘုန်း– ရွှေဘုန်းပပဝင်း၊ ပြိုင်သူဆိုင်သူကင်း၊ မင်းမင်း တိုင်းနိုင်ငံ၊ အုပ်တဲ့ အုပ်စိုးစံ ...' စသော ပလ္လင်တော်ရှစ်ရပ် (ဘွဲ့)ကို တီးရာမှ 'နန်းရဝေမြင့်၊ ဦးကင်ဘုံ' နှင့် 'အတိုင်းမသိ' ကို တီးလေ၏။ ထိုကမှဆက်၍ 'ဇမ္ဗူကျွန်းလုံးနှင့် ဘုန်းပန်းပရမေ' သီချင်းခံကြီးသို့ လှည့်ပြီး သိင်္ဂါရွှေရောင်ပတ်ပျိုးနှင့် အဆုံးချကာ။

'ဘယ်လိုနေသလဲ၊ နားထောင်လို့ အရသာရှိရဲ့လား'

'ကောင်းပြီလားဆရာ ... ကောင်းတာပေါ့။ ဗမာတွေ ထီးနဲ့ နန်းနဲ့ ဘုန်းမီးနေလ တောက်ခဲ့တာတွေ ပါတာပဲ'

'ဒါဖြင့် ဗမာတွေ ကိုယ့်မင်းကိုယ့်ချင်းနဲ့ နေရအောင် ဆုတောင်း' တည်တည်ခန့်ခန့်ကြီး လှည့်ပြောသည့်အတွက် ခင်မြမြသည် ခင်မောင်မြင့်၏ စိတ်ရင်းခံတတ်ခံ

mgyoe.com

mgyoe.com

အကြံအစည်ကို သိရတော့မည်ဟု မျက်နှာကလေးမော်၍

'ဆရာက နိုင်ငံရေးဝါသနာပါ မှတ်တယ်'

'ဘာတုန်း ... ကိုယ့်အိမ်ဧည့်ခန်းကို စစ်မြေပြင်၊ ဆုံးဖြတ်ချက်တွေကို လက်နက်ထင်နေကြတဲ့ ဗမာ့နိုင်ငံရေးမျိုးလား'

'ဆရာက အိုင်ယာလန်၊ အီဂျစ်တို့လို ခပ်ကြမ်းကြမ်းကလေးမှ ဆိုပါတော့။ ဗမာတွေဆီ လက်နက်မရှိဘူးနော် ဆရာ'

'မဆိုင်ပါဘူး။ ဒါပေမဲ့ လွတ်လပ်ရေးဟာ သွေးနဲ့မရင်းရင် မရဘူး။ လွတ်လပ်ရေးမပြောနဲ့ဦး။ ဗြိတိန်ဟာ ဗမာပြည်ကို ကိုယ်ပိုင်အုပ်ချုပ်ရေးပေးမယ်လို့ ၁၉၁၇ ခု၊ ဩဂုတ်လက ကြေညာတယ်။ အခု ဘယ်လောက်ကြာခဲ့ပြီလဲ။ မထင်ပါနဲ့။ ဥပမာ ... ကျုပ်က လိုချင်လို့ ခင်မြမြဆီက ဟောဒီပစ္စည်းကလေး ယူထားတယ်။ ခင်မြမြက အလွယ်နဲ့ပြန်ရမယ်လို့ မျှော်လင့်ထိုက်သလား။ ဒီလို မျှော်လင့်ရင် ခင်မြမြ ရှုံးတာပဲ'

ခင်မောင်မြင့်က ခင်မြမြအင်္ကျီလက်ဖျားကလေးကို ရဲတင်းစွာကိုင်၍ ပြောလေ၏။ ခင်မြမြမှာ ယောင်ရမ်းတိမ်းဖယ်မိတော့မလို ဖြစ်သွားပြီးမှ အပျိုနှင့် လူပျို၊ အဖိုနှင့် အမဟူ၍ သတိမူပုံမရဘဲ ခင်မောင်မြင့်၏ အရိုးခံမျက်နှာကို တွေ့ရသဖြင့် ငြိမ်သက်နေလိုက်ရလေ၏။ မည်သို့မျှ ပြန်မဖြေခင်ပင် ခင်မောင်မြင့်က ခင်မြမြကိုယ်

mgyoe.com

mgyoe.com

အထက်ပိုင်းကို တဖြည်းဖြည်းကြည့်သွားပြီး။

'အကျီ ရေစိုနေပါသေးကလား ... လေက စွတ်စို ထိုင်းမှိုင်းလို့ မခြောက်တာထင်ပါရဲ့။ ကဲ ... ဒီမှာ ထိုင်နေဦး' ဟုပြောပြီး ထိုင်ရာမှထလျက် တစ်ဖက်ခန်းသို့ ဝင်၍သွားရာ ခင်မြမြကား နောက်မှကြည့်ရင်း မျက်လုံးကလေးပြူး၍နေလေ၏။ မကြာမီပြန်၍ထွက်လာလျက် လက်တွင်ပါလာသော တစ်စုံတစ်ခုကို ဖြန့်ပေးကာ။

'ရော့ ... ရော့ အအေးမိနေမယ်။ ဒီဂွမ်းစောင်ကလေး ခြုံထားလိုက်' ဟု ကမ်းပေးနေသဖြင့်။

'ဟာ ... ဆရာကလည်း နေပါစေတော့လား။ လူငွေ့နဲ့ ခြောက်စပြုနေမင့်ဟာ' ဟု ပြောသော်လည်း ပါးလွှာသော အကျီမှာ အသေအချာမသွေ့လှသေးဘဲ မြင်တွေ့မကောင်းလှအောင် ဖြစ်ပျက်နေသည်ကို သတိထားမိသည့်တိုင် အားနာစရာကြီးလည်းဖြစ်၍နေသောကြောင့် လှမ်းမယူဘဲရှိနေစဉ်

'အသစ်ပါ ခင်မြမြ၊ ရော့ ... ယူပါ' ဟုပြောရင်း ပခုံးစွန်းတစ်ဖက်ပေါ် ပစ်တင်ပေးလိုက်သဖြင့် ရှက်ကိုး ရှက်ကန်းမျက်နှာကလေးဖြင့်ပင် ကိုယ်ပေါ်သို့ လွှားတင်လိုက်ရလေ၏။ ဂွမ်းစောင်ကလေးမှာ မိန်းမခြုံ မမှောင့်တမှောင် မီးခိုးရောင်ဖြစ်ပြီး အသားမှာ သိပ်သည်းသေသပ်လျက် ထောင့်အစွန်းတစ်ဖက်တွင်မူ ကတ်ပြားကလေးတစ်ခု ချည်နှောင်ထားရာ ကတ်ပြားပေါ်တွင် ငွေ ၂၅ ကျပ်ဟု ရေးထားသည်ကို တွေ့ရလေ၏။

mgyoe.com

mgyoe.com


'အသားရော၊ အရောင်ရော သိပ်ကောင်းတာပဲ။ ဘယ်သူခြံဖို့ပါလိမ့် ဆရာ ... အသစ်ကြီးနော်'

ခင်မောင်မြင့်မှာ ခင်မြမြ၏စကားကို စိတ်ဝင်စားပုံ မပေါ်ချေ။ ပထမနေရာတွင် ပြန်ဝင်ထိုင်ချလိုက်ပြီး

'နားရှင်းရဲ့လား ခင်မြမြ၊ အခုပြောတဲ့ မျှော်လင့်ချက်တွေဟာ ဗမာပြည်ရဲ့ နာတာရှည်ရောဂါပဲလို့ဆိုရင် မှားလိမ့်မယ်ထင်သလား'ဟု ဆက်မေးပြန်သဖြင့် ခင်မြမြသည် မျက်တောင်ကလေး တခတ်ခတ်နှင့် မော်ကြည့်လိုက်ရပြီး

'အဲဒီတော့ ဆရာက ဘယ်လိုစိတ်ကူးပါလိမ့်။ မြတို့တော့ မိန်းမသားမို့ ဉာဏ်မမီဘူးဆရာရဲ့'

'မိန်းမသားမို့ ဉာဏ်မမီဘူးဆိုတဲ့ စကားတွေကြောင့် ဗမာပြည် ခက်နေတာပေါ့။ မီရမယ်။ ဗမာပြည်မှာ မိန်းမတွေ ယောကျ်ားများနဲ့တန်းတူ ဆောင်ရွက်ဖို့ အရေးကြီးနေတယ်'

'ကြက်မ တွန်လို့ မိုးလင်းရိုးလား ဆရာ'

'ခင်မြမြ မှားနေပြီ။ တိုင်းရေးပြည်ရေးကျတော့ လင်းနိုင်ကြောင်းကို ပြောပြမယ်။ ရုရှားပြည်၊ ဇာဘုရင်လက်ထက် ဆူပူထကြွစဉ်က (ရုရှားပြည်တစ်ဝက်မျှ၊ ဤမျှလောက် လျင်မြန်စွာ ကူးစက်သွားရသည်မှာ မိန်းမများ ပါဝင်မှုကြောင့်ဖြစ်သည်)လို့ တရားဝန်ကြီးက အစီရင်ခံတယ်။ တခြားမကြည့်နဲ့ ဗမာပြည်မှာ ညွန့်ပေါင်းအစိုးရပြုတ်ကျတာ မှတ်မိရဲ့မဟုတ်လား။ မှားတာ

mgyoe.com

mgyoe.com

မှန်တာအပထား။ ဒီတုန်းက မိန်းမတွေ အများဆုံး ပါဝင်ခဲ့တယ်။ မိန်းမတွေပါရင် ပျော်ပွဲဖြစ်ဖြစ်၊ တရားပွဲဖြစ်ဖြစ်၊ ယောကျ်ားအင်အား ပိုကောင်းတာပဲ။ ပွဲစည်တယ်။ ဒါကြောင့် မကြဲဖူးအောင် အင်အားများပြီး အစိုးရအဖွဲ့တောင် ပြုတ်ကျခဲ့ရတယ်မဟုတ်လား'

'ဟုတ်ပါလိမ့်မယ်။ အခုတော့ အရင်လိုမဟုတ်တော့ဘဲ သွေးအေးနေပုံကိုထောက်ရင် ဗမာတွေ သေသေချာချာ လွတ်လပ်ရေးမလိုချင်ကြသေးဘူးနော်။ အဲလေ ... မြတို့တော့ အခုလိုအခြေမျိုးပဲ ကြိုက်တယ်။ စိတ်အေးလက်အေး အစစအေးပြီး'

'အေးလွန်းလို့ မီးခြစ်တစ်ဖာမှ မလုပ်ချင်၊ မလုပ်တတ်၊ မလုပ်ဝံ့တဲ့ အအေးမျိုးမှာ ခင်မြမြ ပျော်သလား'

'တထစ်ချ ပျော်တယ်ရယ်လို့ မဟုတ်ဘူးပေါ့။ လွတ်လပ်ရေးစကားကို ပြောသူကပြော၊ အော်သူကအော်၊ တကြော်ကြော်ဖြစ်နေပေမယ့် နောက်လိုက်မယ့်လူတွေက သွေးအေးနေကြတော့ မြတို့လည်း အေးရတော့မှာပဲ ...'

'အဲဒီလို သွေးအေးတာကို သွေးပူအောင်လုပ်ရလိမ့်မယ်။ သွေးပူရင် ဗမာတွေ လက်နက်ကိုင်ကြလိမ့်မယ်' ဟု ခင်မောင်မြင့်သည် အသံကျယ်တက်ခါ စန္ဒရားကို လက်ဝါးဖြင့် ၃–၄ ချက် ပြင်းပြင်းပုတ်ရင်း ပြောလေ၏။ ခင်မြမြသည် စိတ်ထက်သန်ပုံရသော ခင်မောင်မြင့်မျက်နှာကို တွေစိုက်နေစဉ်...

mgyoe.com

mgyoe.com


'ဗမာပြည် ဗမာလူမျိုးလွတ်လပ်တာ၊ မလွတ်လပ်တာ ဘယ်သူ့ကြောင့်၊ ဘာအတွက်ကြောင့်မဟုတ်ဘူး။ သွေးလိုတယ် … ခင်မြမြ၊ သွေးလိုတယ်။ သွေးဆိုတာ ဘာရယ်လို့သိရင် ဗမာပြည်လွတ်လပ်ရေးနဲ့ မဝေးတော့ဘူး။ သွေးဆိုတဲ့ စကားတစ်ခွန်းကို ခင်မြမြ မြဲမြဲမှတ်ထားစမ်းပါ'

'ဟုတ်ကဲ့ … သွေး' ဟု လိုက်လျောပြောဆိုကာ ခင်မြမြသည် ယုံကြည်လိုက်နာသော လက္ခဏာဖြင့် ခေါင်းကလေးညိတ်ပြလိုက်လေ၏။ စင်စစ်အားဖြင့် ခင်မြမြသည် ခင်မောင်မြင့်စကားကို ပြတ်ပြတ်သားသား ခွဲခြား၍မရချေ။ သူ့အဓိပ္ပာယ်မှာ တစ်မျိုးတစ်ဖုံရှိကောင်းရှိလိမ့်မည်။ သို့ရာတွင် မိမိယူဆချက်အတိုင်းဆိုပါက ခင်မောင်မြင့်သည် ဗမာပြည်လွတ်လပ်ရေးကို သွေးနှင့်ရင်းနှီး ချောင်းစီးအောင် ကြဲပြီးမှ ကျွန်ဘဝကြီးမှ ရုန်းထွက်လိုသူဟု နားလည်လေ၏။ သို့အတွက် လူရုပ်လူရည် သိမ်မွေ့တည်တံ့သလောက် ကြမ်းတမ်းခက်ထန် စိတ်မာန်တက်ကြွသူတစ်ယောက်ပါကလားဟု စဉ်းစားနေဆဲ …

'ကျုပ်ဆီမှာ ခင်မြမြ စန္ဒရားသင်မယ်နော် …'

'သင်မယ်ပေါ့၊ သင်ပါရစေလို့ ဆိုပြီကော …'

'ဒါဖြင့် ကျုပ်စကား နားထောင်ရလိမ့်မယ်။ စိတ်နိုင်ပါ့မလား'

ခင်မြမြသည် မျက်တောင်ကော့ကလေးဖြင့် စိုက်

mgyoe.com

mgyoe.com


ငေးတွေဝေ၍နေလေ၏။ ခင်မောင်မြင့်ကား ဖြူဖြူဖွေး ဖွေး ချစ်စရာကလေးဖြစ်နေသော ခင်မြမြမျက်နှာကို ပြုံးရယ်ပြန်ကြည့်လျက် ...။

'ကြောက်သွားသလား ခင်မြမြ၊ ကြောက်စရာ မဟုတ်ပါဘူး။ လိုက်နာဖို့ ခဲယဉ်းသပဆိုရင်လည်း မလိုက်နာရုံပေါ့။ သို့သော် ... လိုက်နာဖို့ ခဲယဉ်းတယ် ဆိုတာနဲ့တစ်ပြိုင်နက် ခင်မြမြ ကျုပ်အိမ်ဘက်လည်း မကူးရဘူး။ ကျုပ်ကလည်း ဘယ်တော့မှ မျက်နှာချင်း လာဆိုင်မယ်မဟုတ်တော့ဘူး'

စကားမှာ လေးလေးနက်နက်နှင့် ကြောက်မက်ဖွယ် ဖြစ်၍နေလေ၏။ ခင်မောင်မြင့်နှင့် မိမိမှာ သွေးသား မတော်၊ မပြောပလောက်သော အကြောင်းကလေးပေါ် လာမှုကြောင့် ယခုကဲ့သို့ တွေ့ဆုံရခြင်းမျှဖြစ်ရာ သူလို လူတစ်ဦးနှင့် ကူးလူးဆက်ဆံမလုပ်ရ၍ ဘာ ကြောင့်ကြ ရန် ရှိသနည်း။ သို့ရာတွင် တွေ့စ၊ မြင်စ၊ ခင်မင်စတွင် မည်သို့မျှ မသိရသေးသော လိုက်နာရန် ခဲယဉ်းမှု တစ်ခုကြောင့် 'သူပြောသလို တစ်ဦးနှင့်တစ်ဦး အဆက် ပြတ်ရမည်ဆိုသော် ဝါသနာဘာဂီကြောင့် မှီခိုဆည်းကပ် ချင်သော စိတ်သည်လည်းကောင်း၊ ယခုမှ ရောနှော သိကျွမ်းရခြင်းသည်လည်းကောင်း၊ ရပ်တန်းက ရပ်တန့် ပြီး ဆန့်တင့်ငုံကြီးဖြစ်ရမည့်အရေးကြောင့် တွေးတော ထိတ်လန့်သလို၊ ဝမ်းနည်းသလို ရင်ထဲတွင် ဖို၍နေလေ ၏။ တစ်ခါတစ်ရံလည်း မကြားအပ်မနာသာ မမျှော်လင့်

mgyoe.com

mgyoe.com


တာတွေ ကြားရမည်လားဟု စဉ်းစားတုန်လှုပ်ကာ စိတ်ရှုပ်လာသကဲ့သို့ဖြစ်ပြီး ဝါဖွဲဖွဲကျဆင်းနေသော မိုးရေမိုးပေါက်အောက်တွင် ငြိမ်သက်ရပ်တည်နေသကဲ့သို့ရှိသော မိမိတိုက်ကြီးအား ငေးမျှော်၍နေလေ၏။

ခင်မောင်မြင့်မှာမူ ငြိမ်သက်နေသော ခင်မြမြအား ဆုံးဖြတ်ချက်ချရန် စောင့်ဆိုင်းနေသကဲ့သို့ရှိပြီး တစ်ဖန် အသံထွက်အောင် ရယ်လိုက်ပြန်လျက်။

'စိတ်ရှုပ်သွားသလား ... ခင်မြမြ' ဟု မေးသည့်အတွက်။

'မရှုပ်ပါဘူး။ ဆရာ့စကားကို မြ နားမလည်ဘူး။ နားလည်တယ်ထားဦး။ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းမဆိုင်ရလောက်အောင် အရေးကြီးသမို့လား။ ကဲ ... တစ်မြို့တည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လမ်းတည်းရောက်နေကြတာ မတော်တဆ တွေ့ကြ၊ ဆုံကြရင်ကော ဒီအခါ မြကို ဆရာ မခေါ်ဘူးလား'

'ဒီအထိလည်း မဟုတ်သေးပါဘူး။ ကျုပ်ကို ဗမာပြည်မှာ မွေးတယ်၊ ဗမာပြည်ဟာ ကျုပ်နေရာပဲ။ တခြားဘယ်မှ သွားတော့မှာမှ မဟုတ်ဘဲ။ တစ်နေ့နေ့ ခင်မြမြနဲ့ တွေ့ကြ ဆုံကြဦးမပေါ့။ ဒီအခါကျရင်လည်း ခေါ်ပြောပါ့မယ်။ သို့သော် ... ကျုပ်က ခင်မြမြကို တမင်တွေ့ဖို့၊ ဘယ်တော့မှ လာမှာမဟုတ်ဘူး'

'မြကို မတွေ့ချင်လို့ ဗမာပြည်က ထွက်ခွာသွားတဲ့ဟာမျိုး မဟုတ်ရင်ပြီးတာပဲ။ နို့ ဆရာ ... ဂျပန်ပြည်

mgyoe.com

mgyoe.com

ထွက်သွားဖူးတယ်ဆို ...'

ခင်မြမြသည် မထားမူပြောချက်နှင့်ဆက်စပ်၍ မေးလိုက်ခြင်းဖြစ်လေ၏။ မျက်လုံးကလေးမှာမူ ခင်မောင်မြင့်အား စူးစိုက်ကာ နိုင်ငံရေးဖြစ်သည်၊ သို့မဟုတ် အချစ်ရောဂါတည်းဟူသော အံ့ပုန်းနာကို ဝေးရာရှောင်တိမ်းခြင်းဖြင့် ကုသသည်ကို ဟုတ်တိုင်းမှန်ရာ သိလိုသောအဓိပ္ပာယ်ရှိလေ၏။

ခင်မောင်မြင့်ကား ... ခေတ္တမျှငြိမ်သက်သွားပြီးမှ ခင်မြမြအား ဆတ်ခနဲလှည့်ကြည့်ကာ ...

'ကျုပ် ဂျပန်ပြည်သွားတာ ဘယ်သူပြောသလဲ။ မထားမူ ထင်ပါရဲ့ ... ဟုတ်စ။ ဒါတွေနဲ့ မဆိုင်ပါဘူးလေ ...' ဟုပြောကာ စန္ဒရားနပေါ် မျက်လုံးရောက်သွားပြီး လက်ချောင်းများနှင့် တို့၍နေလေ၏။

'မန္တလာဘုံ၊ မြေခုံဘူမိ၊ ပြည်ရန်နှိမ် ဆိုတဲ့ဘွဲ့ ခင်မြမြ ရသလား'

'မန္တလေးမြို့တော်အကြောင်းမဟုတ်လား။ ရတယ်ထားပါတော့'

'ဒါဖြင့် ဆိုစမ်းပါ။ တချို့ တီးတာ တစ်မျိုးဖြစ်နေတယ်။ ခင်မြမြလည်း နားလည်သွားအောင်' ဟု ပြောသဖြင့် မူလစကား အဆက်ပြတ်သွားသည့်အတွက် ဘာဘာညာညာ မငြင်းတော့ဘဲ ရဲရဲတင်းတင်းပင် သီဆိုလေ၏။ ထိုဘွဲ့မှာ အလယ်တွင် ရတုညှပ်ထားသည့်အတွက် အချိန်တော်တော်ကလေးကြာအောင် ဆိုရပြီး တဖြည်း

mgyoe.com

mgyoe.com

ဖြည်းနှင့်ပင် 'တံခါးတော်၊ စိန်တုရင်နှင့် ဘယ်ရာဝင်မကြုံဖူးအောင် ထူးတဲ့ပြည်နန်း' ဟူသော အဆုံးသတ်ကို ဆွဲဆွဲငင်ငင်ချလိုက်ရာ။

'ခင်မြမြအဆို မညံ့ပါဘူး။ သိပ်နားထောင်ကောင်းတာပဲ။ ကျုပ်လက်က အဆိုကောင်းနှင့်တွေ့ရင် ပိုပြီးပြောင်တယ်'

'ဆရာ့လက်ကောင်းလို့ ဖြစ်ပါလိမ့်မယ်။ ဆရာပြောသလို ဟုတ်မယ်မထင်ပါဘူး'

'ရှေးက တပယ်ခင်ဥကြီးဆိုတာ ကြားဖူးတယ်။ အဆိုပိုင်လွန်းလို့ အတော်နာမည်ကြီးသတဲ့။ အဲဒီတပယ်ခင်ဥကြီးဟာ ခင်မြမြလိုနေမှာပါပဲ'

ခင်မြမြသည် ပြုံး၍နေလေ၏။ 'ဆရာ့စကားဟာ အဆန်းပဲ။ မြက တပယ်ခင်ဥကြီးလိုနေမယ်ဆိုပါတော့'

'မဆန်းပါဘူး (တော်လေးဝ ဝင်လို့ဆိုတာ ခင်တို့လိုချောလှသလား) ဆိုတဲ့ အမေးမျိုးပေါ့။ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလဟာ ချောတယ်၊ လှတယ်ဆိုပေမယ့် မျက်မြင်မှမဟုတ်ဘဲ။ ခင်မြမြဟာ သူတို့လိုလှပါတယ်ဆိုရင် သူတို့က ဘယ်လောက်လှမှန်းမှ မသိဘဲ။ ဒီတော့ စာတွေ့ဖြစ်တဲ့ သူတို့လှတယ်ဆိုတာ ငါတွေ့မျက်မြင်ဖြစ်တဲ့ ခင်မြမြလိုနေလိမ့်မလားလို့ တွေးရတာပေါ့။ ခင်မြမြက မျက်မြင်ဖြစ်တော့ ခင်မြမြနဲ့နှိုင်းလည်း သူတို့မနာပါဘူး'

'ဥပမာနော် ဆရာ ...'

mgyoe.com

mgyoe.com


'ဟုတ်တယ်။ ဥပမာပြောတာ ...၊ တကယ်ဆိုလည်း မမှားပါဘူး။ ခင်မြမြ တကယ်လှတာပဲ' ခင်မောင်မြင့်သည် လုံးဝဂရုမစိုက်သောအမူအရာရှိလေ၏။ သို့ရာတွင် မျက်လုံးများမှာ ခင်မြမြတစ်ကိုယ်လုံးကို သိမ်းကြုံးကြည့်နေသည့်အတွက် အနည်းငယ်ပူရှိန်းသလိုလိုဖြစ်သွားပြီးမှ ဆိုးဝါးခြင်းကင်းပြီး ဖြောင့်ဖြောင့်စင်းစင်းပြောသော အမူအရာမှာ အစွန်းမထင်ဖြစ်နေသည့်အတွက် သွားကလေးပေါ်အောင် ပြုံးရင်းသာ ကြည့်နေရတော့လေ၏။

ထိုအခါတွင် မိုးမှာ ဖွဲဖွဲကလေးသာကျန်တော့သည့်ပြင် ကောင်းကင်ပြင်တစ်ခုလုံးမှာလည်း လင်းထိန်၍လာလေ၏။ လက်ပတ်နာရီကလေးကို ငုံ့ကြည့်ရာ ၅ နာရီထိုးလုနီးကို ညွှန်ပြနေလေ၏။ မော်တော်ကားတစ်စီး၏စက်သံသည်လည်း ပြတင်းပေါက်မှ အပြေးအလွှားဝင်လာသည့်ပြင် မိမိတို့တိုက်ကြီး၏ ခြံတွင်းသို့ ချိုးကွေ့သွားသည့်အတွက်

'ဟော ... ဖေဖေပြန်လာပြီဆရာ။ မြ အိမ်ပြန်ဦးမှထင်ပါရဲ့'ဟု ထိုင်ရာမှ ထရပ်သဖြင့် ခင်မောင်မြင့်လည်း ထရပ်ကာ

'ခင်မြမြ လာဦးနော်။ စန္ဒရားသင်မယ်မဟုတ်လား။ နေ့တိုင်း အချိန်မရွေး ကူးလာတာပေါ့။ ကျုပ်ကတော့ လူအားတစ်ယောက်ပဲ။ ဒီကနေ့တော့ စကားနဲ့ အချိန်ကုန်သွားလို့ တစ်ပုဒ်မှ လက်မစမ်းလိုက်ရဘူး။ ကျုပ်

mgyoe.com

mgyoe.com

တောင်းတဲ့ ကတိကိုလည်း လိုက်နာနိုင်မယ် မလိုက်နာနိုင်ဘူး စဉ်းစားသေးတာပေါ့'

'ဆရာ့ကတိ မြ သိရပြီးမှ စဉ်းစားရင် သာကောင်းမယ်ထင်တာပဲ'

'ဒါဖြင့် နက်ဖြန် လာလေ။ ဒီနေ့တော့ စိတ်မှတ်မထားနဲ့။ ခေါင်းရှုပ်နေပါ့မယ်။ ပြီးတော့ တွေးပြီးလည်း ကြောက်မနေနဲ့ဦး'

'ဟုတ်ကဲ့ ...' ဟုပြောကာ ခြေကို ၃–၄ လှမ်း လှမ်းပြီးမှ 'သြော် ... မေ့သွားလို့နော်။ အထင်မလွဲနဲ့ဦး ...' ဟု ကိုယ်ပေါ်မှ ဝွမ်းစောင်ကလေးကို ကျကျနန ဆွဲယူခေါက်လိုက်ပြီးမှ ...

'ရော့ ဆရာ၊ ဝွမ်းစောင်ကလေးက ကောင်းလိုက်တာ။ သိပ် နွေးတာပဲ။ ဒီဟာ ရိုးက ဝယ်တာနော်။ မြလည်း တစ်ထည်ဝယ်သုံးရမယ်။ အခုတော့ နည်းနည်းဈေးသက်သာမလားမသိဘူး'

'ခင်မြမြ လိုချင်သလား၊ လိုချင်ယူသွားလေ ... အခုဝယ်လို့ ဒီအရောင်မျိုး ရမယ် မရဘူးတော့ မပြောနိုင်ဘူး။ ရချင်လည်း ရလိမ့်မယ်'

'ဒီဟာ ... မိန်းမခြုံပါလား။ ဘယ်သူ့ဖို့လဲ ဆရာ'

'ဒီပစ္စည်းဟာ ကျုပ်ဆီမှာ အလကားနေ ပိုတာပဲ။ နေဦး' ဟုပြောကာ ခင်မောင်မြင့်သည် အခန်းတစ်ဖက်သို့ ကူးသွားပြီး အလျား ၃ ပေ၊ အနံ ၂ ပေနီးပါးရှိ သားရေသေတ္တာကြီးကို ဆွဲဘုတ် မ ယူလာလျက် ခင်မြမြ

mgyoe.com

mgyoe.com


အနီးတွင် ချလေ၏။ ထိုသားရေသေတ္တာကို အသုံးမပြုဘဲ ပစ်ထားသော အချိန်ကာလမှာ မည်မျှကြာပြီမသိ၊ ဖုန်အတိလိမ်းကပ်နေသည်ကို တွေ့ရလေ၏။

သေတ္တာအဖုံးကို ဖွင့်လိုက်ရာမှ တစ်ခုပြီးတစ်ခု ဆွဲထုတ်ပြရာ ခင်မြမြမှာ အံ့အားသင့်သော မျက်လုံးဖြင့် ကြည့်နေရလေ၏။ ထွက်လာသမျှမှာ ယောကျ်ားအသုံးအဆောင်ဟူ၍ တစ်ခုမျှမပါ။ ကနဘိုခေါ် အကောင်းစား ၈၈၀၀ ဂျပန်ပိုးတစ်အုပ်၊ အထူးရက်လုပ်မှာယူဟန်တူသော အသားကောင်း လွန်းချိတ်ထဘီ ၂ အုပ်။ တစ်အုပ်မှာ ကွေ့ကြိုးဆင်ဖြစ်၍ တစ်အုပ်မှာ တိုက်ကြိုးခေါ်အဆင်ဖြစ်၏။ အဖျားတွင် ဆင်စွယ်အစစ်တပ်ထားပြီး ငွေကိုင်းနှင့် ပိုးထီးကလေး ၂ လက်။ တစ်လက်မှာ ထုံးခြောက်ရောင်ဖြစ်၍ တစ်လက်မှာ အပြာစင်းများ ပိုင်းထားသော အဝါနုရောင်ဖြစ်လေ၏။

'ခင်မြမြလို အသားဖြူပြီး ချောချောလှလှထဲက ဆောင်းလိုက်ရင် သိပ်ကြည့်ကောင်းမှာ ...။ ဒါပေမဲ့ အခုလို မိုးဝင်လာတော့ အသုံးမဝင်ဘူး။ သာသာယာယာနဲ့ ပွဲလမ်းသဘင်မှာ ဆောင်းလိုက်ရရင် ပရိသတ် အမြောက်အမြားထဲ ဘွားခနဲပေါ်လာမှာပဲ။ ရော့ ... ဆောင်းကြည့်စမ်းပါဦး' ပြောပြောဆိုဆို အဝါနု အပြာစင်း ပိုးထီးကလေးကို ဖွင့်၍ကမ်းပေးသဖြင့် ခင်မြမြသည် မျက်နှာကလေး ပြုံးပြုံး၊ ခေါင်းကလေးမော့မော့နှင့် ထီးကို မြှောက်ကာ ကိုင်ကာ ကြည့်၍နေလေ၏။

mgyoe.com

mgyoe.com


'ထိုးကလေးက သိပ်ချစ်စရာကောင်းတာပဲနော်။ ဘယ်ဆီ ဝယ်ရပါလိမ့်မလဲ။ တန်ဖိုးတော့ နည်းမယ် မထင်ဘူး။ မြတော့ သိပ်လိုချင်တာပဲ ဆရာ...၊ တစ်ယောက်ယောက် လက်ဆောင်ပေးမလို့ရည်ရွယ်ထားတာမဟုတ်လား။ ဂုဏ်အသရေရှိ အထက်တန်းစားထဲက ထင်ပါရဲ့'

'ဟောဒီ ၈၈၀၀ ပိုးကလေးကို ရင်စိချုပ်ပြီး ဒါကလေးကပ်လိုက်ရင် ဘယ်လိုနေမလဲ။ ဒီလွှန်းချိတ်က အဝါဖောက်ထားတော့ သာအဆင်ပြေတာပေါ့။ တစ်အုပ်ကို ၂၅၀ ကျပ်ပေးပြီး ခဲခဲယဉ်းယဉ်း မှာရက်ခိုင်းတာ...'

ခင်မောင်မြင့်သည် လက်တွင်းရှိ အဝတ်များကို ခင်မြမြကိုယ်တွင် ကပ်လျက် မျက်နှာပြုံးကြီးနှင့် ကြည့်နေရာ တစ်ခါတစ်ခါ ပိုးအဝတ်ကိုင်ထားသော ခင်မောင်မြင့်၏လက်သည် တက်ကြွလှပသော ပခုံးကိုလည်းကောင်း၊ လွှန်းချိတ်ထဘီအုပ်ကိုင်ထားသော လက်သည် ပေါင်တံ ပေါင်သား၊ တင်ဆုံ တင်သား ပြည့်ပြည့်ထွားထွားကလေးကိုလည်းကောင်း ပွတ်သပ်နေသလို ထင်မှတ်ရလေ၏။ ထင်မှတ်နေရုံမျှလည်း မဟုတ်။ တကယ့်တကယ်လည်းဖြစ်၍ တစ်ချက်တစ်ချက်တွင် ခင်မောင်မြင့်လက်သည် ဇက်ရဲရဲနှင့် အေးခနဲ နွေးခနဲဖြစ်သွားအောင် ဖန်တီး၍နေသည့်အတွက် မျက်နှာကလေးတစ်မျိုးနှင့် ပြန်ကြည့်လိုက်သော်လည်း ခင်မောင်မြင့်၏ အမူအရာမှာ လူတကာတို့၏ ရိုးသား စင်ကြယ်သော အခြေ

mgyoe.com

mgyoe.com

မျိုးဖြစ်ပြီး မောင်နှင့် နှမ၊ သားနှင့် အမိ သဒ္ဒါတရားရှိရှိနှင့် ထိပုံကိုင်ပုံမျိုးပင်ဖြစ်သောကြောင့် ခင်မြမြအဖို့ဘယ်သို့ ဘယ်ညာ တွေးရန်မလိုတော့ချေ။ ခင်မောင်မြင့်ကား မိန်းမနှင့်ယောကျ်ား တော်မတော်အပထား၍ အားရရွှင်ပြုံးသော မျက်နှာဖြင့်သာ အောက်မှအထက်၊ အထက်မှအောက် စေ့စေ့ပေါက်ပေါက်ကြည့်ပြီး ...

'ခင်မြမြ အသားဖြူတော့ အဝတ်မရွေးလိုက်မှာပါပဲ။ ဒါပေမဲ့ အခု အမြင်က ပိုပြီးယဉ်တယ်။ ဒီ လွန်းထဘီကွေ့ကြီးဆင်ကလည်း ခင်မြမြလို ထွားထွားကြိုင်းကြိုင်း အောက်ပိုင်းကြီးကြီးမျိုးနဲ့ဆိုတော့ ဘယ်ပြောစရာရှိတော့မလဲ။ အေးလေ ... ကျုပ် စဉ်းစားနေတယ်' ဟု ပြောကာ အဝတ်များကို ပြန်ခေါက်လျက် မျက်နှာများ စိုက်၍နေသောကြောင့် ခင်မြမြလည်း ခင်မောင်မြင့်ကို အကဲခတ်ကာ မတ်ရပ်ကလေး ငြိမ်သက်၍နေလေ၏။

'ခင်မြမြ ဒါတွေလိုချင်သလား ...'

'ဆရာ ဘယ်သူ့ကို ရည်ရွယ်ထားမှန်းမှ မသိဘဲ။ မထားမူဖို့လည်း မဟုတ်ဘူးနော်။ တန်ရာတန်ဖိုးပေးလို့ ရနိုင်တာဖြင့် ...'

'နေဦး ... နေဦး၊ ခင်မြမြ မယူနဲ့ဦး။ ဒီဟာတွေ အားလုံး အသစ်တော့ အသစ်ပဲ။ အသစ်ပေမယ့် ...' ဟု ပြောကာ တစ်ခုပြီးတစ်ခု ခေါက်သိမ်းထည့်သွင်းနေလေ၏။ သားရေသေတ္တာကို ချောက်ခနဲ ပိတ်လိုက်ပြီးမှ ...

'ခင်မြမြ နက်ဖြန်လာမယ်လား ... လာနော်။ ကျုပ်
mgyoe.com

mgyoe.com


စန္ဒရားမတီးဘဲ ပစ်ထားတာ ကြာလှပြီ။ အခုလို အဆို ပိုင်ပိုင်၊ စည်းဝါးနိုင်တဲ့ ခင်မြမြနဲ့တွေ့တော့ ကျုပ်စိတ်တွေ ပြန်လည်လာတယ်'

'ဟုတ်ကဲ့ ... လာပါ့မယ်' ဟုပြောကာ ခင်မောင်မြင့် ကြီးဒေါ်ကြီးအား လှမ်းအော်နှုတ်ဆက်ပြီး အပေါ်ထပ်မှ အောက်သို့ ခင်မောင်မြင့်နှင့်အတူ လှေကားမှ ဝဲယာဆင်းလာကြလျက် မကြာမီ တိုက်ရှေ့ဆင်ဝင်သို့ ရောက်မှ ခင်မြမြတစ်ယောက်တည်း ခပ်သုတ်သုတ် လှမ်းခဲ့လေ၏။

■

mgyoe.com

mgyoe.com

# အခန်း (၄)

ထိုတစ်ညလုံး ခင်မြမြ ရုတ်တရက် အိပ်မပျော်ချေ။ ဆုံးဖြတ်ချက်ချပြီး ကတိခံရမည့် အကျိုးအကြောင်းမသိသော ပြဿနာတစ်ခုကို ဂရုတစိုက်စဉ်းစား၍နေလေ၏။ ခင်မောင်မြင့်မှာ ဂျပန်ပြည် ပေါက်ရောက်နေသူဖြစ်၍ နဂါးနက်အသင်းကြီးကို အားကျပြီး သူပုန်ထနည်း တစ်စိတ်တစ်ဒေသဖြစ်သော နိုင်ငံရေးသမားများကို တိတ်တဆိတ် ကွပ်မျက်သုတ်သင်ရန်လော။ လွတ်လပ်ရေးကို သွေးနှင့်ရင်းနှီးပြီး ကိုယ့်မင်းကိုယ့်ချင်း ထူထောင်ရေးဝါဒဖြစ်နေပါက ငါ့အား နိုင်သည့်ဘက်က အသုံးချလိုပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ လွတ်လပ်ရေးရဖို့ မရဖို့မှာ သွေးလိုသည်ဟူသော စကားကိုထောက်က မတွေးဝံ့လောက်အောင် ဗမာပြည် အမှိုက်သရိုက်ကို သွေးနှင့်ပွတ်တိုက်ဆေးကြောမည့် လူတစ်ယောက်ဟု ယုံကြည်လေ၏။ မထားမှု ပြောစကားနှင့်အညီ မိမိကိုယ်တွေ့လည်းဖြစ်သောကြောင့် ခင်မောင်မြင့်သည် မိန်းမနှင့်

mgyoe.com

mgyoe.com


ဝေးနိုင်သမျှဝေးအောင် ရှောင်ရှားလိုသည့်စိတ်ထား မုချ ရှိပေလိမ့်မည်။ သို့ရာတွင် မိမိနှင့် နှစ်ကြိမ်နှစ်ခါ တွေ့ ဖူးရုံမျှနှင့် ဆင်ရိုင်း ကျုံးသွင်းလိုက်သကဲ့သို့ ပြောရဲ ဆိုရဲ မျက်နှာထားရဲလာခြင်းကို ပိုမိုသတိထားမိရာ ခင်မောင် မြင့်၏ အပြောင်းအလဲ လျင်မြန်ခြင်းကိုလည်း အံ့သြမိ ၏။ သို့ အံ့သြခြင်းထက် တစ်ဆင့်တက်၍ စဉ်းစားသော အခါ မိန်းမအသုံးအဆောင် အဝတ်အထည်များကို မည် သည့်အတွက် သိုလှောင်ထားသည်ကိုကား သာ၍ပင် တွေးမရချေ။ ခင်မြမြသည် လောကဓာတ်ကြီး တိတ် ဆိတ်မှ အိပ်ပျော်၍သွားလေ၏။

နောက်တစ်နေ့နံနက် ခင်မြမြ ပန်းခြံတွင်းသို့ ဆင်း လာပြီး ရောင်မျိုးစုံဝေဆာလျက် ပွင့်အာလန်းဆန်းနေ သော ပန်းနွယ် ပန်းခက်များကို လက်ကလေးနှင့် အသာ အယာ ဆိတ်ဖဲ့ ခူးဆွတ်နေလေ၏။ မိုးမှာ မနေ့ညနေက သာမဟုတ်၊ နံနက် ဝေလီဝေလင်းကလည်း ရွာချသေး သောကြောင့် ရေနိုင်သောပန်းပင်များမှာ ရွက်သစ်များ စိမ်းလန်းလျက်ရှိ၏။

တဖြည်းဖြည်းနှင့် ခြံရှေ့တံတားကူးသို့ရောက်လျှင် တဝေါဝေါစီးဆင်းနေသော ရေမြောင်းကလေးအား ငုံ့ ကြည့်မိရာ ခင်မြမြ မျက်လုံးများသည် ပြူးကျယ် အံ့သြ ၍သွားလေ၏။ မကျေနပ်သေးသဖြင့် သစ်ကိုင်းခြောက် ကလေးတစ်ခုကိုယူ၍ တစ်စုံတစ်ခုကို မ ဆယ်ကြည့် ရာ၌ သစ်ကိုင်းများတွင် ပိုးထိီးတစ်လက်၊ ဖရိုဖရဲ ရေရွဲ

mgyoe.com

mgyoe.com


နေသော ချိတ်ထဘီတစ်အုပ် ပါ၍လာလေ၏။ ထိုပစ္စည်းများမှာ မနေ့ကပင် မြင်ခဲ့ရသောကြောင့် မျက်စိမှားစရာမရှိချေ။ ကျန်ထီးတစ်လက်ကို ဆယ်ကြည့်သောအခါ အဝါနု အပြာရစ်ထီးကလေးဖြစ်သောကြောင့် သာ၍ပင် မှတ်မိလေ၏။

ရေမြောင်းမှာ ခင်မောင်မြင့်တို့တိုက်ရှေ့မှ မိမိတို့ဘက် စီးလာပြီး ဝေလီဝေလင်းက ရွာထားသော မိုးရေကြောင့် အတော်ပင် များများစီးဆင်းလျက်ရှိသော်လည်း ဤနေရာကျမှ တစ်စုံတစ်ရာနှင့် ငြိတွယ်နေဟန်တူလေ၏။ ရေစစ်သွားအောင် အတော်ကြာစောင့်ဆိုင်းရင်း ဆက်လက်ဆယ်ယူသည်တွင် ခင်မောင်မြင့် သားရေသေတ္တာထဲမှ ထုတ်ပြသော ပစ္စည်းမှန်သမျှနှင့် မိမိကိုယ်တိုင် ခြုံခဲ့ရသော မီးခိုးရောင်ဂွမ်းစောင်ကလေးပါ ရှိစုမဲ့စု အကုန်ရောက်၍နေရာ ခင်မြမြကား ထိုနေရာတွင် ကြက်သေသေရင်း ကြာလေ အဓိပ္ပာယ်မပေါ်လေ ဖြစ်လေ၏။

သို့လော သို့လော တွေးတောရင်း နံနက်စာ စားသောက်ပြီး၍ ၁၁ နာရီကျော်ကျော်မျှရှိသောအခါ ပြောင်လက်ခံ့ညားသော ဆိဒင်ကားသစ်ကြီးတစ်စင်း အဝေးမှ ပြေးလာပြီး တိုက်ရှေ့တည့်တည့်ရောက်သောအခါ လက်တွင်းမှ အထုပ်တစ်ခုကို ထောင်၍ပြသွားသော ခင်မောင်မြင့်ကို တွေ့ရလေ၏။ အထုပ်ကိုပြပြီးနောက် လက်ရပ်ခေါ်သလိုလို လုပ်သွားပြန်ရာ ခင်မြမြမှ တိုက်ပေါ်

mgyoe.com

mgyoe.com

မှာ ပြုံးရယ်ကျန်ရစ်ပြီး ကားမှာ မကြာမီ တစ်ဖက်တိုက်ကြီးအတွင်း မောင်းဝင်၍သွားလေ၏။

ခဏအတွင်း ဒေါင် ... ဒေါင် ... ဒေါင် ဟု စန္ဒရားကို ၄-၅ ချက် နာနာဖိသံကြားသဖြင့် မိမိအား ခေါ်ကြောင်း ရိပ်မိကာ ပေါင်ဒါကလေးတို့၊ ဝတ်စားလှလှလဲလှယ်ပြီး တိုက်ပေါ်မှဆင်းလျက် ခပ်သွက်သွက်ကူးခဲ့လေ၏။ ဤတစ်ကြိမ်တွင် တစ်အိမ်လုံးနှင့် ရင်းနှီးတန်သရွေ့ ရင်းနှီးခဲ့ပြီးဖြစ်၍ ရဲရဲတင်းတင်းပင် တက်သွားရာလှေကားထိပ်၌ အသင့်ဆီးကြိုနေသော ခင်မောင်မြင့်ကိုတွေ့ရလေ၏။

'ခင်မြမြ ကြားလိုက်သလား၊ ဒီကခေါ်လို့ လာတာနော် ...'

'လာမယ်ပေါ့ရှင် ... လာမလို့ဟာပဲ'

ခင်မြမြသည် စန္ဒရားဘေး ဆိုဖာတွင် ဝင်၍ထိုင်လေ၏။ စန္ဒရားပေါ်၌ကား ပိုးထီးတစ်လက်နှင့် အထုပ်တစ်ခုကို တွေ့ရသဖြင့် ထိုအထုပ်နှင့် ခင်မောင်မြင့် မျက်နှာကို တစ်လှည့်စီကြည့်နေစဉ် ခင်မောင်မြင့်သည် အထုပ်ကိုဖြေလျက်။

'ရော့ ... ခြုံကြည့်စမ်းပါဦး။ မနေ့က ဂွမ်းစောင်ထက် အသားကောင်းတယ်၊ အသွေးလည်း စိုတယ်။ ဒီပိုးထီးလေးကော သဘောကျရဲ့လား၊ အရိုးရွှေကွပ်ပြီး (ခင်မြမြ)ဆိုတဲ့ နာမည်ကလေးနောက်မှ ထိုးပေးမယ်။ လွန်းချိတ်ထဘီတော့ အမရပူရက မိတ်ဆွေတစ်ယောက်

mgyoe.com

mgyoe.com


ဆို ကနေ့မနက်ပဲ စာထည့်လိုက်တယ်'

'ဒီစောင်နဲ့ ဒီပိုးထီးကလေးက မနေ့ကဟာ မဟုတ်ဘူးနော်'

'ဘယ်ဟုတ်ရမှာတုန်း .. ခင်မြမြ သေသေချာချာ ကြည့်ဦးမှပေါ့'

'ဟုတ်ကဲ့ ... ကြည့်ပါတယ်။ ဒီဟာတွေ ရိုးက ဝယ်ခဲ့တာတွေပဲ။ မနေ့က ပစ္စည်းတွေနဲ့ ယှဉ်ကြည့်ပါရစေလား'

'ဘာလုပ်ဖို့တုန်း ခင်မြမြ ... အလုပ်ပိုတွေ မလုပ်ပါနဲ့။ မနေ့ကဟာတွေ ဒီအိမ်ပတ်ဝန်းကျင်မှာ မရှိတော့ဘူး'

'မြ မေးမယ် ... ဆရာဖြေမှာလား။ မှန်တဲ့အတိုင်းနော် ...'

'မေးလေ ... မေးပါလား၊ ပြောပါ့မယ်'

'မနေ့ကပစ္စည်းတွေအားလုံး ဘာပြုလို့ ရေမြောင်းထဲပစ်ချတာလဲ'

ခင်မောင်မြင့်သည် ခင်မြမြအား အံ့သြသော မျက်လုံးများဖြင့်ကြည့်ပြီး။

'ခင်မြမြ မြင်သလား ... ကျုပ် ည ၁၀ နာရီလောက်က အိမ်ရှေ့မြောင်းထဲ ပစ်ချခဲ့တယ်။ ခင်မြမြ ဘယ်ဆီရှိနေသလဲ'

'မရှိပါဘူး။ ဒီမနက် မြတို့အိမ်ရှေ့မြောင်းထဲ ငြိနေလို့။ နို့ ... မြကို ပြောမပြနိုင်ဘူးလား'

'သြော် ...' ဟု ပါးစပ်မှထွက်ကာ ခင်မြမြအား

mgyoe.com

mgyoe.com


အတော်ကြာ ကြည့်နေပြီးမှ 'မသိချင်ပါနဲ့၊ ထူးတာမှ မဟုတ်ဘဲ။ မလိုချင်လို့ ပစ်လိုက်တာဖြစ်လိမ့်မပေါ့'

'မလိုချင်လို့ဆိုတာ ပြောနေဖို့ မလိုပါဘူး။ ဒီပစ္စည်းတွေ မကြည့်ချင်တဲ့အပြစ်ကို သိချင်လို့ပေါ့။ အိမ်နားနီးချင်း မောင်လို နှမလို ခင်မင်ကြပြီး အပူအချို့တစ်ဝက် ခွဲယူတန် ယူရအောင်ပေါ့'

'ဟဲ ... ဟဲ စကားပြော လိမ္မာလိုက်တာ။ အပူအချို့တစ်ဝက် ခွဲယူမလို့တဲ့။ ကျုပ် မှန်တာပြောရရင် ခင်မြမြကို ဝါသနာချင်းတူလို့ မြင်မြင်ချင်း ချစ်တယ်။ အခုပြောသလို ကျုပ်နှမအရင်းကလေးသာ ဖြစ်ရင် အင်မတန်ပျော်မှာပဲ။ အခုလည်း ပျော်ပါတယ်။ လောကသစ်ထဲကို ရောက်လာတာ မနေ့က စတယ်ဆိုပါတော့'

'နို့ ... တစ်နေ့က လောကအကြောင်း မြ မသိရဘူးလား'

ခင်မောင်မြင့်သည် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ကာ။

'ကျုပ်မှာ စိတ္တဇရောဂါရှိတယ်။ ခပ်ရှင်းရှင်းပြောရရင် ရည်းစားပူဆိုပါတော့။ ခင်မြမြတို့ ပြောင်းမလာခင် အတော်ကြာက ခင်မြမြတို့နေတဲ့ တိုက်ကြီးမှာ မြေပိုင်ရှင် ဦးဘမင်းဆိုတာ နေသွားတယ်။ သူ့သမီးနဲ့ ၂ နှစ်ကျော်ကျော် မေတ္တာဖွဲ့နှောင်မိတယ်။ မနှစ်က ဒီအချိန်လောက်မှာ သူ့မိဘစကား နားထောင်ပြီး မင်္ဂလာဆောင်လိုက်တာပဲ။ ကျုပ်မှာတော့ အသည်းကွဲပြီး ကျန်ရစ်တယ်။ ကျုပ်လည်း နေမထိထိုင်မသာဖြစ်ပြီး ရောက်ရာ

mgyoe.com

mgyoe.com


ပေါက်ရာ ထွက်သွားလိုက်တာ ဂျပန်ပြည်ရောက်သွားတော့တာပဲ။ အခုပြန်လာတာ ၃ လလောက် ရှိကရော့မယ်။ ဒါပေမဲ့ မပျောက်ဘူး။ ခင်မြမြ … တစ်ခါတစ်ခါ အသည်းနာတယ်။ တစ်ခါတစ်ခါ ဝမ်းနည်းတယ်'

'ဆရာ ယောက်ျားကြီးကြီးမားမားတစ်ယောက်ပဲ။ ဒါလောက်တောင် ဖြစ်ရသလား'

'ယောက်ျား ကြီးကြီးမားမားမို့ ကြီးကြီးမားမားချစ်မိတာပေါ့။ ကျုပ် မိန်းကလေးမြင်တိုင်း ဒီစိတ်မျိုးနဲ့ လိုက်စားခဲတယ်။ စွဲမိရင် မရဘူး။ မတော်လို့သာ သတ်မသေဘဲ နေခဲ့တာ။ အချို့က စိတ်နုနယ်တယ်။ ယောက်ျားမပီသဘူးလို့ ဆိုလိမ့်မယ်မဟုတ်ဘူး။ ယောက်ျားများယောက်ျားပီပီ စွဲလန်းမိရင် မိန်းမထက်ပိုတယ်။ အချစ်ဝိဇ္ဇာအမည်ခံနေတဲ့ အနောက်နိုင်ငံပုဂ္ဂိုလ်အချို့က ယောက်ျားအချစ်ဟာ မျက်စိမှာရှိပြီး မိန်းမအချစ်ဟာ အသည်းမှာရှိသတဲ့။ ဘယ်ဟုတ်မလဲ သေသေချာချာ အစွဲအလန်းကြီးတဲ့ ယောက်ျားမျိုးကျတော့ မိန်းမများလိုအချစ်ဟာ အသည်းမှာရှိရုံမဟုတ်ဘူး၊ အချစ်ဟာ အသည်း … အသည်းတစ်ခုလုံးဟာ အချစ်ပဲ'

'ဆရာ စွန့်ပစ်လိုက်တဲ့ပစ္စည်းတွေဟာ အချစ်တော်ကို ပေးဖို့ ရည်ရွယ်တာပဲလို့ မြ တွေးနေတယ်။ ဟုတ်ကဲ့လားရှင်'

'မှန်တယ် … သူ့အတွက် ရည်ရွယ်ထားတာပဲ။ သူ့လက်ထဲမရောက်ခင် သူ့မိဘစိမံရာ ခံလိုက်တော့ ကျုပ်

mgyoe.com

mgyoe.com


လည်း စိတ်နောက်နောက်နဲ့ ထွက်သွားပြီး ဘာမှပြန် မကြည့်လိုက်တာ ဒီတိုက်ပေါ်ပြန်ရောက် နေထိုင်တဲ့ အထိ ဆိုပါတော့။ မနေ့က မိုးမရွာခင်ကလေးကမှ သတိရလို့ ဖွင့်လှန်ကြည့်မိတော့တာပဲ။ အေးလေ ... ဒီပစ္စည်းတွေ ဘယ်သူ့ကိုယ်ပေါ်မှာမှ မမြင်ချင်လို့ပေါ့။ အဆုံးမတော့ ကျုပ်စိတ်ထဲက သူ့ကို ရျာပနပြုလိုက်တဲ့ အဓိပ္ပာယ်ပဲ'

ခင်မောင်မြင့်သည် စိတ်တွင်းရှိသမျှ ဖွင့်ချ၍နေလေ၏။ ခင်မြမြကား မျက်လုံးမှေးမှေးကလေးနှင့် စိုက်ငေးနားထောင်ကာ ပိုးထီးကလေးကို ဖွင့်ချီပိတ်ချီ လုပ်၍ နေလေ၏။

'ဒီကနေ့ စန္ဒရား စ သင်ရမယ်နော် ... ဆရာ'

'အင်း ... သင်တာပေါ့။ နို့ မနေ့ကပြောတာ စဉ်းစားပြီးပလား'

'မြ လိုက်နာနိုင်တာဖြင့် ဘာမဆို မငြင်းပါဘူး'

'ဒါဖြင့် သေသေချာချာ နားထောင်' ဟုပြောကာ ခင်မောင်မြင့်သည် စန္ဒရားဘက်သို့ လှည့်ပြီး 'ဇမ္ဗူမြိန်ချာ' သီချင်းခံကြီးကို အဆိုနှင့်တွဲ၍ ချွဲချွဲငင်ငင် နားထဲ စိမ့်ဝင်အောင် တီး၍ပြလေ၏။ ခင်မြမြကား ယခုကဲ့သို့ တက်ခေတ်အမည်တွင်နေသော လက်အောက်ခံ ကျွန် ဘဝကြီးတွင် လူမကလေးဖြစ်နေရသည်မထင်။ ထိုင်ရာ မထ ဘဝပြောင်းသလိုဖြစ်ကာ လွန်ခဲ့ပြီးသော ရှေး သက္ကရာဇ်ဟောင်းတွင် နစ်မွန်းနေသကဲ့သို့ရှိ၏။ သီချင်း

mgyoe.com

mgyoe.com



အစိပ္ပာယ်မှာ မြန်မာဘုရင်တို့ အရှင်အဖြစ် အုပ်စိုးပြီး တန်ခိုးမတိမ်ခဲ့သော အကြောင်းများဖြစ်၍ နန်းအဆောင် ဆောင်တို့မှာလည်း ရွှေတပြောင်ပြောင်ဖုံးပြီး ယာမာဘုံ တန္ဒုန်း လှပဆန်းကြယ်သည့်ပြင် များစွာသော နိုင်ငံတို့မှ မြန်မာဘုရင်၏ ဘုန်းရိပ်ကို ခွန်ပဏ္ဏာဆက်သ ခိုလှုံခဲ့ ကြသော အကြောင်းများဖြစ်ရာ ခင်မြမြစိတ်၌ မိုးထိ ဘနန်း ဆန်းကြယ်သော ရွှေနန်းပြာသာဒ်တို့နှင့် မြန်မာ လူမျိုး မြင့်မြတ်ခဲ့သောအခြေကို ပြန်လှန်စဉ်းစားမိပြီး နားတွင် ဆိမ့်ကာ တငြိမ့်ငြိမ့် ခံစားလျက်ရှိလေ၏။

သီချင်းဆုံးလျှင်ဆုံးချင်း ခင်မောင်မြင့်က ခင်မြမြ ဘက်လှည့်ပြီး 'ဘယ်လိုနေသလဲ ... နားထောင်ကောင်း ရဲ့လား' ဟု မေးသဖြင့် ...

'ကောင်းပြီလားဆရာ ... သိပ်အရသာရှိတာ ...' ဟု စိတ်တွင် ထိခိုက်သွားသလောက် အားရပါးရ ပြန်ပြော လေ၏။

'ခင်မြမြစိတ်ထဲ လူမျိုးဂုဏ်မငယ်စေလိုတဲ့စိတ် ရှိ တန်သလောက် ရှိလိမ့်မယ်။ သီချင်းထဲပါသလို ခင်မြမြ ကော ကိုယ့်ဘုရင် ကိုယ့်အရှင်နဲ့ အင်္ဂလိပ်အစ အာဖရိက လူရိုင်းအဆုံး အကုန်လုံးကို တန်းတူပေါင်းသင်းရတဲ့ အခြေမျိုး နေချင်မလာဘူးလား'

'နေချင်ပြီလားဆရာ ... ခါးမသန်လို့ အားအင်လျှော့ နေရတယ်ဆိုတာမျိုးပေါ့'

'ဒီလို ရှေးဟောင်းသီချင်းထဲက ဘယ်ဟာဖြစ်ဖြစ်

mgyoe.com

mgyoe.com

ခင်မြမြ ဘယ်နှစ်ပုဒ်ဒလာက် ရမလဲ'

'ဆယ့်လေးငါးပုဒ် မှတ်တယ်'

'လွမ်းပိုအောင်တို့၊ ကိန္နရာချောင်းခြားတို့၊ ရေနံ့သာဦးတို့ စတဲ့ အပူတိုက်တွေ ဖယ်လိုက်ရင်ကော'

'၃ ပုဒ်လောက် ကျန်ပါလိမ့်မယ်'

'အဲဒီ ၃ ပုဒ်အပြင် ထီးဘွဲ့နန်းဘွဲ့ မရသေးသမျှ အကုန်လုံး ထပ်တက်ပြီး ခုနကပြောတဲ့ သွေးပူတာတွေ လွမ်းနာကျတာတွေ ကျုပ်ရှေ့မှာဖြစ်စေ၊ ကွယ်ရာမှဖြစ်စေ ဘယ်တော့မှ မတီးပါဘူးလို့ အာမခံနိုင်မလား'

'ဘာပြုလို့တုန်း ဆရာ ...'

'အင်းဝပြည်ကြီး ပျက်စီးရတာ ပြောပြီးပကော'

'အို ... မဆိုင်လိုက်တာ' ဟု စိတ်ထဲမှ ညည်းညူကာ ခင်မောင်မြင့်၏ တယူသန်အစွဲကို ဝေခွဲမရနိုင်အောင် ရှိလေ၏။ သူ့အယူအဆအတိုင်း မှန်ချင်လည်း မှန်လိမ့်မည်။ သို့ရာတွင် ဘယ်ဟာ တီးဆိုရမည်၊ ဘယ်ဟာ မတီးမဆိုရဟုဆိုလျှင် ရှေးက ခဲခဲယဉ်းယဉ်း ကြံဆရေးသားခဲ့သမျှကို ချိုးဖဲ့သည်နှင့်တူ၏။ သီချင်းတို့မည်သည် ဘာအကြောင်း၊ ညာအကြောင်းဟူ၍မဟုတ်။ ဒူးနေရာဒူး၊ တော်နေရာတော် အကြောင်းပေါ်လျှင် ဆိုင်ရာဆိုင်ရာ အသုံးချရမြဲဖြစ်၍ ကာလီဒါသ စသော ဆရာကြီးတို့သည် 'သမ' ဟူသော ငြိမ်သက်တည်ကြည်ခြင်း၊ သမာဓိအလုပ်မျိုးမှတစ်ပါး ကြွင်းသောရသ ၈ မျိုးတို့ကို သဘောတစ်မျိုးတည်းထား၍ သဘင်၊ ဇာတ်၊ ရုပ်စုံပညာ
mgyoe.com

mgyoe.com

သည်တို့၏ ဥစ္စာဟူ၍ ဆိုထားချက်ကို သူ နားလည်ဟန်မတူ။ လျစ်လျူရှုထားခြင်းသော်လည်း ဖြစ်ရမည့်ပြင် တကယ့်တကယ်ဆိုက သူ့အလိုလိုက် သူ့အကြိုက်ကို တစ်ပြည်လုံး လိုက်နာသီဆိုတီးမှုတ်သည်ထားဦး။ သီချင်းနှင့် လွတ်လပ်ရေးမှာ တခြားစီဖြစ်သောကြောင့် ဝမ်းထဲမှ ကြိတ်ရယ်ချင်သယောင်ဖြစ်၍လာလေ၏။

'ထီးဘွဲ့ ... နန်းဘွဲ့တွေ တီးဆိုကြတော့ ဗမာပြည် အင်္ဂလိပ်လက်က လွတ်လာမှာမို့လားရှင်'

'၁၃၀၁ ခု၊ နတ်တော်လဆုတ် (၈) ရက်၊ အင်္ဂါနေ့ထုတ် သတင်းစာတစ်စောင်မှာ ပါလာတယ်။ မြန်မာပြည်အစိုးရ ပြည်ထဲရေးနဲ့ ကာကွယ်ရေးဌာနက ရှေးမြန်မာဘုရင်တို့ကို ဖော်ပြပြီး ရှေးခေတ်နှင့် ယခုခေတ် ကွာခြားတာတွေ၊ ရဲသွေး ရဲမာန်နဲ့ ပတ်သက်တာတွေ ဓာတ်ပြားထဲ အသံမသွင်းရဘူးလို့ ဓာတ်ပြားကုမ္ပဏီများကို ဆာကျူးလာတစ်စောင်စီ ထုတ်ပေးလိုက်သတဲ့။ ဗမာပြည်နဲ့တန်းတူ အိန္ဒိယမှာတောင် မကြားဖူးဘူး'

'မသိပိုးဝါး လူရမ်းကားတွေ ထကြွဆူပူမှာစိုးလို့ ပေါ့ရှင်'

'လူရမ်းကားဆိုတဲ့ စကား၊ ခင်မြမြ မသုံးပါနဲ့။ ထကြွဆူပူမှာစိုးလို့ ရှေးဘုရင်အကြောင်းတွေ မဆိုရဘူး ဆိုတာ သီချင်းဟာ ဘယ်လောက်အသက်ပါတယ်ဆိုတာ သိနိုင်တာပေါ့'

'ဟုတ်ကဲ့ ... ဒီလိုအကြောင်းတွေ အမြောက်အမြား

mgyoe.com

mgyoe.com


ဆိုလာကြတော့ ကိုယ့်ထီးကိုယ့်နန်းနဲ့ နေလာတာကို ဗမာတွေ သတိရမယ်။ သတိရတော့ စိတ်တက်ကြွမယ်။ စိတ်တက်ကြွတော့ တိုက်ကြခိုက်ကြရော ...။ အမြောက်မှန်တဲ့အလောင်းတွေကို မသာချတော့ ထူးမခြားနားဆိုတဲ့ ရောင်ခြည်တော်ဘွဲ့၊ ဒါမှမဟုတ် ချစ်သမျှကို မြင်းမိုရ်ရွှေတောင်လုံးသာပ ပတ်ပျိုးနဲ့ ချရမလား'

'ခင်မြမြ ငွပြောတာပဲ'

'ငွ မဟုတ်ဘူးဆရာ ... ဆရာက မျောက်မင်းအူသံတွေ၊ ဖြေလည်းမပြေ ဆိုတာတွေ လောကကြီးထဲက ဖယ်ထုတ်ချင်နေတာကိုး ...။ လက်ဖွဲ့ပွဲသွားပြီး မဲဇာတောင်ခြေ၊ ပွဲခါညောင်ရေ ရတုတွေ သွားရွတ်နေရင် ဖြစ်ပ့ါမလား။ ဗမာ့ ရှေးသီချင်းတွေဟာ ဆိုင်ရာဆိုင်ရာမှာ အသုံးချဖို့ ရေးထားတာ မြထက် ဆရာက နားလည်မပေါ့'

'ဒီက ပြောနေတာ ဒါတွေဖျောက်ပစ်ဖို့မဟုတ်ပါဘဲလား ... ခင်မြမြ ကျုပ်စကားကို သဘောမပေါက်သေးဘူး။ ကဲ တစ်ခွန်းမေးမယ် ... ခင်မြမြက တောင်းတဲ့ကတိကို မပေးနိုင်ဘူးပေါ့'

ခင်မြမြသည် စဉ်းစားသကဲ့သို့ ခင်မောင်မြင့်မျက်နှာကို စေ့စေ့ကြည့်လေ၏။

'ဒီကတိ မပေးနိုင်ရင် မြနဲ့ ဆရာ မျက်နှာချင်းမဆိုင်ဘူးနော် ...၊ မြကိုလည်း ဒီတိုက်ပေါ် ကူးလာခွင့် မပေးဘူး ... ဟုတ်လား'

mgyoe.com

mgyoe.com


'မနေ့က ပြောပြီးပဲ'

'မြ ဂီတသုတေသနအသင်းဝင်ထားတယ်။ ရှေးသီချင်းမှန်ရင် ဘာဖြစ်ဖြစ် မတိမ်ကောအောင်လို့ ဖွဲ့စည်းထားတဲ့ အသင်းပဲ။ ရှေးသီချင်းမှန်ရင် အနှစ်သာရနဲ့ ချည်းမို့ မြလည်း မပစ်ပယ်နိုင်ဘူး။ ဒီအထဲ အလှည့်ကျတော့ သူတို့နားထောင်ချင်ရာ တီးရ၊ ဆိုရတယ်။ အဲဒီတော့ မြ ဝမ်းနည်းနည်းနဲ့ ...'

စေ့စေ့စိုက်၍ နားထောင်နေသော ခင်မောင်မြင့် မျက်လုံးအစုံသည် စန္ဒရားခုံပေါ် စိုက်၍သွားလေ၏။

ခင်မြမြကား ... ခင်မောင်မြင့် ဆန္ဒကို မလိုက်နာနိုင်သည်မဟုတ်၊ လိုက်နာနိုင်၏။ သူ့စကားအဓိပ္ပာယ်ကိုလည်း လိမ့်ပတ်လည်အောင် သိ၏။ ထိုသို့သောကတိကို မခံနိုင်ရုံနှင့် ဤတိုက်ကြီးပေါ်သို့ ကူးသန်းခွင့်မပေးဟူသော စည်းမျဉ်းမှာ ပစ္စည်းဥစ္စာတွင်သာ မသာဘဲရှိရမည်၊ ဂုဏ်အဆင့်အတန်းမှာ သူမသာ ကိုယ်မသာဖြစ်သော မိမိအား မလေးစား မလောက်စားပြုရာကျသည်ဟု ယူဆ၏။ သို့အတွက် ထိုင်ရာမှထပြီး ...

'မြ ... ပြန်လိုက်ပါရစေဦး ဆရာ' ဟု ပြောကာ ခြေကို လှမ်းစပြု၏။

ခင်မောင်မြင့်ကား ခေါင်းကိုညိတ်ရုံမျှညိတ်ပြီး မော်၍မကြည့်ချေ။ လေခါးတစ်ဝက်သို့ ဖြည်းညင်းစွာ ဆင်းမိလျှင်ပင် နောက်မှ လျှင်မြန်သောခြေသံကို ကြားရလေ၏။

'ခင်မြမြ' ဟူသော အသံသည်လည်း မရှေးမနှောင်း

mgyoe.com

mgyoe.com

ထွက်ပေါ်လာလျက် ခင်မောင်မြင့်သည် လေ့ခါးတစ်ထစ်ကျော်ဆင်း၍ ခင်မြမြအား ပိတ်ဆီးကာ မော်မော်ကြီး ကြည့်၍နေလေ၏။ ခင်မောင်မြင့်မျက်နှာသည် ဝမ်းနည်းသောအသွင်ကို ဆောင်လေ၏။

'ခင်မြမြ စိတ်တိုတတ်သလား ... ရတ်တရက်ထပြန်လောက်အောင် ကျုပ်မှာ အပြစ်မရှိပါဘဲလား'

'ဆရာ့မှာတော့ အပြစ်မရှိဘူး ... မြ ဒီနေ့ ခွင့်မရှိတော့လို့'

'ကျုပ်ဥပဒေက ဒီလောက်တောင် မကျပ်တည်းပါဘူး။ ခင်မြမြ ... ခင်မြမြ သဘောအတိုင်းပဲ ကျုပ်ဏလျှော့ပေးပါ့မယ်။ ကဲ ... ဒီလိုတောင်းပန်တော့ ကျေနပ်ရောပေါ့'

ခင်မြမြသည် လှေခါးလက်ရမ်းပေါ် လက်နှစ်ဖက်လုံးတင်ရင်း ပွတ်သပ်လိမ်ဖဲ့၍ နေလေ၏။

'အခုတော့ ... ပြန်ပါရစေဦး။ နောက် လာမယ်ပေါ့'

'ဟာ ... ဒီလိုမလုပ်ပါနဲ့ ခင်မြမြ မခံချင်ဘူး၊ ကျုပ်သိတယ်။ နောက် မလာဘဲနေမှာ။ ခင်မြမြလို နှမလေးမျိုး တစ်ယောက် ဆုံးရှုံးသွားမှာကို ကျုပ် စိုးရိမ်တယ်'

ခင်မောင်မြင့်သည် တစ်ဆင့်လှမ်းတက်ကာ ခင်မြမြနှင့် ဘေးချင်းယှဉ်ရပ်လိုက်လေ၏။ ခင်မြမြကိုယ်မှမွှေးကြိုင်သင်းပျံ့ သနပ်ခါးပေါင်ဒါနံ့တို့သည် ပတ်ဝန်းကျင်သို့ ဘုံးပေါလအော ခပ်ပေါပေါဖြန့်ဝေလျက်ရှိ၏။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ စက္ကန့်

mgyoe.com

mgyoe.com

အတော်ကြာ တိတ်ဆိတ်နေကြရာတွင် တစ်ဦးမှာ မဝယ်ရမနေနိုင်၊ တစ်ဦးမှာ ဈေးကိုင်နေသကဲ့သို့ ရှိကြ၏။

'ကျုပ် ပျော်တာ ၂ ရက်မရှိသေးဘူး။ ခုချက်ချင်း စိတ်ညစ်ရတာပဲ ... လာပါ' ဟု ဆိုဆိုပြောပြော ဘာသော ညာသော ရွေးချယ်ပုံမရသော ခင်မောင်မြင့် လက်နှစ်ဖက်လုံးသည် ဖြူဖွေး ပူနွေးသော ခင်မြမြလက်ပေါ် ရောက်သွားလေ၏။ ဆုပ်ကိုင်ဆွဲယူလိုက်သည်တွင် ခင်မြမြကိုယ်ကလေးပါ လည်၍ပါလာပြီး မျက်နှာနှစ်ခုမှာ အလှဗိုလ်လုပြီး ဆုပွဲဝင်နေသကဲ့သို့ ထင်မှတ်ရ၏။ ခင်မောင်မြင့်၏ထွက်သက်သည် ခင်မြမြနဖူးကို ထူးထူးခြားခြား ကစားလျက်ရှိ၏။ ခင်မြမြ ထွက်သက်ကား ခင်မောင်မြင့်မေးဖျားကို နွေးသွားအောင် တို့ဆိတ်၍နေလေ၏။ မျက်နှာချင်းဆိုင် တန်ခိုးချင်းပြိုင်ပြီး အနိုင်လုနေကြသော မျက်လုံးအစုံသည် တောက်ပစိုဝင်း အားရှိသရွေ့ လင်း၍နေကြ၏။

'ရိုးရိုးဖြစ်ဖြစ် ဆန်းဆန်းဖြစ်ဖြစ် ... ကျုပ် ချစ်မိရင် မရဘူးနော် ... ခင်မြမြ ဒါတစ်ခု သတိပြုစေလိုတယ်။ ကျုပ်ကို ရက်စက်မယ်များ စိတ်မကူးနဲ့'

အသံမှာ မာတင်းသောအသံဖြစ်၍ မျက်နှာမှာ မိဘသည် သားသမီးအား နောင်ကျဉ်အောင် ဆုံးမသတိပေးသောအသံမျိုးဖြစ်၏။ ခင်မြမြက အံ့ဩသည့်အသွင် မျက်နှာတွင် အရိပ်အဆင် ပြောင်းလဲလျက် စွဲမြဲငြိမ်သက်သော မျက်လုံးဖြင့်ကြည့်၍နေစဉ် ခင်မောင်မြင့်
mgyoe.com

mgyoe.com

သည် ခင်မြမြလက်ကို ဆုပ်ကိုင်ထားသော လက်ယာဘက်လက်ကို မလွှတ်ဘဲ လက်ဝဲလက်မှာမူ ပိုင်စိုးပိုင်နင်း တစ်မုဟုတ်ချင်းဆိုသလို ခင်မြမြကျောတင်းတင်းကို ခြွေပတ်သလို ပတ်လိုက်လျက်။

'လာ ... တက်ခဲ့' ဟု ပြောပြောဆိုဆို လှေခါးကို ကျော်တက်ပြီး ဆွဲဆွဲခေါ်ခေါ် လုပ်လေရာ ခင်မြမြကား မရုန်းမဖယ် မျက်လုံးကလေး တလယ်လယ်နှင့် လှေခါးထိပ်သို့ရောက်အောင် လိုက်ပါသွားပြီးမှ ရစ်ပတ်ထားသော ခင်မောင်မြင့်လက်ကို မသိမသာ တိမ်းဖယ်ချလိုက်လေ၏။

နှစ်ယောက်လုံး စန္ဒရားရှေ့သို့ ရောက်သွားပြီး အသီးသီးထိုင်လိုက်ကြရာမှ ခင်မောင်မြင့်မှာ ခင်မြမြကို အတော်ကြာ ငေးစိုက်ပြီး ...

'ကျုပ် အစက မပြောလား။ ကျုပ်ပြောသလို ကျုပ်က ဒီဘက်က တီးပြ၊ သေသေချာချာ နားထောင်ပြီး ဟိုဘက်တိုက်ပေါ်က လိုက်တီးရင် ဒီလိုဖြစ်ကြမှာမဟုတ်ဘူး။ မောင်နဲ့ နှမ၊ သားနဲ့အမိ တွယ်ငြိနေတဲ့ သံယောဇဉ်ကြိုးဆိုတာ နီးရင်နီးသလို ဝေးရင်ဝေးသလို ခိုင်မြဲကြတာ။ ၂ ရက်လောက်နဲ့ ဒီအပူ၊ ဒီလိုစိတ်မျိုး ဝင်စပြုရင် ကြာတော့ ကျုပ်ဘယ်လိုနေပါလိမ့်မလဲ'

'ဆရာ့အမိန့်အတိုင်း မြ သွားရခြင်းပါလား ဆရာ'

'ကျုပ်ဆီမှာ တူရိယာဝါသနာပါတဲ့လူ မှန်ရင် တောင်းတဲ့ကတိကိုပေးမှ သင်ပြတယ်။ မပေးနိုင်ရင် နှင်

mgyoe.com

mgyoe.com


ပစ်တာပဲ။ ကတိတောင်းလည်း မပေးဘူး၊ နှင်လည်း မနှင်ရက်တဲ့အထဲမှာ ခင်မြမြ ပထမအကြိမ်ပဲ'

'မြ စိတ်ထဲက တယူသန်အစွဲအလန်းလို့ ယူဆတယ်။ ဆရာပြောတာ မှန်သင့်သလောက် မှန်တယ်။ အခုလို ရှေးဟောင်းဘုရင် ထီးနန်းအကြောင်းတွေမှ သီချင်းထင်ရမယ်ဆိုရင် ခေတ်အလျောက် ပေါ်လာတဲ့ ကာလပေါ်သီချင်းတွေတောင် မလိုတော့ဘူးပေါ့'

'ကာလပေါ်သီချင်းဆိုတာ ဘာကိုခေါ်သလဲ။ ကပြားသံတွေကို ဆိုလိုသလား။ ဗမာတွေ ကပြားဖြစ်သွားတာကော သတိပြုမိသလား။ အမူအရာ၊ အပြော အဆို၊ အလေ့အကျင့် အစစအရာရာဆိုပါတော့'

'ကောင်းနိုးရာရာ ဆွဲယူအတုခိုးရတာပေါ့။ အေးလေ ... မြ ပြောနေတာ ဗမာပြည်ကောင်းစားရေး၊ လွတ်လပ်ရေး မျှော်ကိုးပြီး ကောင်းတယ်ဆိုတဲ့ ရှေးသီချင်းဟောင်းတွေ အားကိုးမနေဖို့ဘဲ။ သီချင်းနဲ့ မဆိုင်ပါဘူး'

'သြော် ... ခင်မြမြ ... ခင်မြမြ ...' ဟု ပြောကာ ခင်မောင်မြင့်သည် ပြုံးရယ်၍နေလေ၏။

'ဂီတသာရင် လူမျိုးသာတယ်။ ဂီတချာရင် လူမျိုးချာတယ် ဆိုတဲ့စကား ခင်မြမြ မယုံဘူးပေါ့'

'ဆိုပါဦးရှင့် ...'

'ဥပမာ နီးနီးဆိုကြပါစို့ ... ဂေါ်ရင်ဂျီဂီတနဲ့ ဗမာဂီတ ဘယ်ဟာက သာမလဲ'

'ဗမာဂီတက အများကြီး သာတာပဲ'

mgyoe.com

mgyoe.com

'သေသေချာချာ နားထောင်ပြောတာနော် ... တရုတ်သီချင်းကော နားထောင်ဖူးသလား'

'ဟုတ်ကဲ့ ... ဒီနည်းအတိုင်းပဲ'

'တခြားလူမျိုးအားလုံးနဲ့ကော ...'

'လွန်ခဲ့တဲ့ ၇ နှစ်လောက်က တစ်ကမ္ဘာလုံးနှံ့စပ်ခဲ့တဲ့ အမေရိကန်လူမျိုးတစ်ဦးကတော့ (ဂီတနဲ့ပတ်သက်ရင် တစ်ကမ္ဘာလုံးမှာ ဗမာ့ဂီတ အရသာအရှိဆုံးပဲ)တဲ့။ ဒါနဲ့တောင် ဘာကြောင့် သူတစ်ပါးအပေါ်က မနေရပါသလဲလို့ မေးခွန်းထုတ်တယ် ... ဟုတ်ကဲ့၊ ဂီတဘက်မှာဆိုရင် ဗမာ့ဂီတဟာ အသာယာဆုံးပဲ'

'ဒါဖြင့် ဗမာလူမျိုးဟာ တခြားလူမျိုးထက် သာပါတယ်ဆိုရင်ကော ...' ခင်မြမြကား အဖြေမပေးချေ။ ခင်မောင်မြင့် အပြောကို မျှော်လင့်နေသကဲ့သို့ရှိ၏။

'၁၉၂၀–၂၁ ခုနှစ်တုန်းက ဘိလပ်ပါလီမန်လေဘာအမတ် ကာနယ်ဝက်ဂျဝု ဗမာပြည် ရောက်လာတယ်။ (ဗမာလူမျိုးဟာ သူတစ်ပါးလက်အောက်ခံရန် ကျွန်တံဆိပ် အမှတ်မပါဘူး)တဲ့။ ဒါတွေအပထားပြီး အများထက်သာတဲ့ ဗမာဂီတတွေ မတိမ်ကောသမျှ ဗမာ့လူမျိုးမတိမ်ကောဘူး။ ဗမာပီတဲ့ ဗမာဂီတတွေ ထင်ပေါ်ရင်ဗမာလူမျိုးလည်း ထင်ပေါ်လာမယ်။ မြ ဝင်ထားတဲ့ ဂီတသုတေသနအသင်းဟာ ဒီရည်ရွယ်ချက်မျိုး မဟုတ်ဘူးလား။ ဒါထက် ကျုပ်တို့ ဗမာဂီတဟာ အများထက် သာတယ်။ အခု စပ်ဆိုနေကြတဲ့ ကပြားသံတွေထက် သာ

mgyoe.com

mgyoe.com


တယ်ဆိုတာတော့ ခင်မြမြ ဝန်ခံရဲ့နော် ...'

'ဟုတ်ကဲ့ ... ဝန်ခံပါတယ်'

'စာကောင်း ပေကောင်း၊ ကဗျာ လင်္ကာ၊ သီချင်းကောင်းတို့သည် ဘုန်းကြီးသောမင်းတို့ကို မှီ၍ဖြစ်ကုန်၏။ ဘုန်းကြီးသော မင်းတို့ကြောင့် စာကောင်းပေကောင်း၊ ကဗျာ လင်္ကာ၊ သီချင်းကောင်းများ ထွက်ပေါ်ကုန်၏ ဆိုတာကော ခင်မြမြ ဝန်ခံရဲ့လား။ ဗမာသီချင်းကောင်းတွေ မထွက်တာ ဗမာတွေ ဘုန်းမကြီးလို့ပေါ့။ ဘုန်းကြီးချင်ရင် ရှေးဟောင်းစာပေ သီချင်းဟောင်းတွေ စုဆောင်းအသစ်တီထွင် ရေးကြ၊ စီကြ၊ ဂီတဘက် သာလာပြီး ထီးဘွဲ့တွေ နာနာဆိုလာကြတဲ့တစ်နေ့ ဗမာတွေ မေ့နေတဲ့ အဖြစ်ဟောင်းတွေ ပြန်ပြောင်းတွေးတောမိကြလိမ့်မယ်။ ဒီတစ်ခါ လွတ်လပ်ချင်တဲ့စိတ်ကို ဘယ်လိုကွပ်နှိပ် ကွပ်နှိပ် မရတော့ဘူး။ အဲဒီတော့ ခင်မြမြကို သင်ခန်းစာတစ်ခုပေးချင်တယ်'

'ဆိုပါဦးရှင့်'

'ဂီတသာလျှင် လူမျိုးသာသည်၊ ဂီတချာလျှင် လူမျိုးချာသည်။ လူမျိုးတစ်မျိုး၏ အထက်တန်းရောက်ရေး၊ အောက်တန်းကျရေးသည် သွေးပူ သွေးအေးကိုမှီ၍ဖြစ်၏။ သွေးပူ သွေးအေးသည် ဂီတ၏ စီမံရာခံရ၏။ ထို့ကြောင့် ဂီတသည် လူမျိုးတစ်မျိုး၏ သွေးဖြစ်၏။ ကိုင်း... မှတ်မိရဲ့လား ...'

အစေခံတစ်ယောက် လက်ဖက်ရည်ပွဲ မုန့်အပြည့်အစုံ

mgyoe.com

mgyoe.com

နှင့် ယူလာသဖြင့် 'ဟော ... လက်ဖက်ရည်သောက်ဦး' ဟုပြောကာ ... မှောက်ထားသော လက်ဖက်ရည်ပန်းကန် နှစ်လုံးကို လှန်ပြီး ခင်မောင်မြင့်က ငှဲ့ပေးလေ၏။ ပေါင်မုန့်ထောပတ်သုတ်ကို တစ်ချပ်စီ ဝေစားလေ၏။ ဘီစကွတ်ပန်းကန်ကို ခင်မြမြနားသို့ ထိုးပေးလေ၏။ သောက်စားပြီးကြသောအခါ ကြွေကလပ်တစ်ခုတွင် ထည့်ထားသော ချောကလက်တစ်ခုကိုယူ၍ တစ်ပိုင်းဖဲ့စားပြီး ...

'ရော့ ... ခင်မြမြ ဒီတစ်ပိုင်းကို စားလိုက်ပါ။ နောက်ထပ် စားချင်လည်း ယူဦး ... အများကြီးဝယ်ထားတယ်' ဟု ပြောကာ လက်သုတ်ပဝါဆွဲယူ၍ သုတ်နေလေ၏။

'ဗမာတွေ သွေးပူတော့ ဘယ်လို ဆက်လုပ်ရမှာလဲ ဆရာ ...'

'လွတ်လပ်ရေးဟာ သွေးနဲ့မရင်းရင် မရဘူးလို့ ပြောပါပကော ...။ ရှေ့ဆက်လုပ်ဖို့တော့ အချိန်မကျသေးလို့ မပြောသေးဘူး' စန္ဒရားဘက်လှည့်ကာ ခင်မောင်မြင့်သည် ညင်သာစွာ နှိပ်၍နေလေ၏။

'ခင်မြမြနဲ့ သိတာ နောက်ကျလို့ ကုန်ခဲ့တဲ့ရက်တွေ နှမြောလှတယ်။ အခု အသက်ဘယ်လောက်ရှိပလဲ'

'၁၉ နှစ် ကျော်လာပြီရှင့် ...'

'အမယ် ... ကျုပ်ထက် ၁၀ နှစ်တောင် ငယ်ပါကလား။ အသက် ၁၉ နှစ်က ၂၂ နှစ်အတွင်းဟာ အိမ်ထောင်ပြုလို့ အကောင်းဆုံးပဲ။ ရှေ့ကို နေမယ်ဆိုရင်
mgyoe.com

mgyoe.com

တောင် အတော်ကြာကြာ နေနိုင်သေးတယ်။ ဒါပေမဲ့ ခင်မြမြလို လုပ်ပုံမျိုးဟာ အများအားဖြင့် ဒီအသက် ဒီအရွယ်အထိ အပျိုရည်ဘဝကို မရကြရှာဘူး။ သူ့ထက် ငါ ဦးအောင် ခူးချင်၊ ဆွတ်ချင်သူတွေ များတယ်'

လှည့်မကြည့်တော့ဘဲ စန္ဒရားနှိပ်ကွက်များပေါ် လက်တင်၍ ဆွဲလိုက်ပြီး ... 'မြ ... နားထောင်နော်' ဟု ပြောလျက် ...

'ပပငယ်လေ ဝင်းဝင်း၊ မှန်ရဝေဆောင် ကိုယ်ရောင် တိုက်ခန်းလင်း၊ ဟန်တစ်ခါပြင် ရွှေစင်ဆယ်တင်း ... ဆက်သွင်းပုံသေ၊ သိန်းတန်တဲ့ မေလေလေ့၊ တင့်ကြူ ငယ် မူရာတွေ၊ မြင်သူ မြင်သူဗျာဝေ၊ ကွဲကြေအံ့မဆုံး၊ တင်ခါသွင် မျက်ခုံး၊ ချယ်မင် မသုံးသည်နှင့် သန်းခါ မှောင် မျက်လုံးတော်ရောင်၊ သောက်ရှူးကြယ်ညီနောင်၊ မြ မျက်တောင်မင် ကော့ရွန်း၊ ကေသီမှာ ဒေဝီကျမ်းစာ ဝင်၊ မျက်နှာပြင် စံလွတ်ကျွန်း၊ ငွေလဝန်းပေါ်သည့်သွင် လေ ... တဲ့မှ၊ ခြောက်ပါးငယ်ပြစ်လွတ်စင်' ထိုနေရာကို ချွဲချွဲငင်ငင် သီဆိုကာ ခင်မောင်မြင့်သည် မျက်နှာကို တပြုံးပြုံးထားပြီး တီးကွက်ကို အလုံးများများနှင့် လိမ့်၍နေရာမှ ခင်မြမြမျက်နှာကို လှမ်းကြည့်ရာ မျက်လုံးများသည် အခါတိုင်းထက် ကြည်လင်တောက်ပသည် ဟု တွေးထင်ရလေ၏။ အတောဆုံးလျှင် သီချင်းသားကို ဆက်တောက်လျက် ...။

'တစ်ပုံလေ ... တစ်ထုံးလေ ... တနှုန်းလေ ...

mgyoe.com

mgyoe.com


တအင်၂၊ မူရာ မူရာစုံလင် နတ်ပင် လူပင်လား ... ထင်ယောင် ထင်ဝိုးဝါး၊ မြင်မြင်သူများပ ခြားနိုင်ရှာ၊ ငုံကွမ်းကြိုင်စွာ ထုံမွှန်းချိုသံသာ၊ နတ်ပြုံုငှာဆို တင့်ကြူး၊ ခင်မေကို ကြင်ဆွေ သဲဆိုင်နှောင်၊ မြဲခိုင်အောင် ဆောင်စိတ်ကူး မောင်ရွယ်စူး ကြံပမယ်လေလေ့၊ ကြော့မှူးခင်ယုံတော့ကွယ်၊ သဲတွင်ပယ် ကြင်ချစ်လှိုင်း၊ ထင်မြင်တိုင်း တင့်လှတယ်၊ အို..., မိုးလယ်ဝေယံဖျား... သူဇာထင်ရိုးမှား၂ ...'

အသံရော တီးကွက်ပါ တဖြည်းဖြည်းဆုံးသွားပြီး ခင်မောင်မြင့် ဦးခေါင်းသည်လည်း မသိမသာ ခင်မြမြဘက် လည်လာလျက် စူးစူးစိုက်စိုက်ကြည့်နေတော့ရာ ခင်မြမြမှာ မျက်တောင်ကလေးခတ်လိုက်လျက် ...

'သဖြန်ရော ... ဆက်မဆိုတော့ဘူးလား၊ ပတ်ပျိုးဆုံးရင် သဖြန်ကောက်ရတယ် မဟုတ်လား။ ဒါထက် သဖြန်ဆိုတာ ဘာပါလိမ့်' ဟု မေးလေ၏။

'သြော် ... ဟုတ်ပါရဲ့၊ မျက်ထားတော်ချို ... ဆိုတာ ဆက်ရတယ်။ သဖြန်ဆိုတာက ပတ်ပျိုးဆုံးတဲ့အခါ အသံကို တဖြည်းဖြည်း ဖြန့်လိုက်တာကို ပြောတယ်။ မူလက (သံဖြန့်)၊ အခုတော့ သဖြန်ပေါ့'

'ခွန်းထောက် ဆိုတာကကောရှင်'

'ခင်မြမြ ဇာတ်ပွဲတွေ မကြည့်ဖူးဘူးလား ... တောင်တရိုး မှောင်ခိုးတွေက တဝေဝေ၊ မိဂမ္ဘိသမင်မငယ်တို့ တောခတဲ့မြေ ...၊ ဗုဒ္ဓဟေ စံနေတဲ့သည်တော၊ နတုန်း

mgyoe.com

mgyoe.com

ခါစဉ်က စံပျော်ရှင် သစ္စာသုံးကြတယ် ...(သူငယ်ချင်းတို့ရေ ...) စုံးမင့်မြိုင်တော၊ ဟော .. ဟိုရှေ့က ဘယ်သူတွေပါလိမ့်၊ ရွှေအတို့ဆာမိတို့ မှတ်တယ်' ဟု ခင်မောင်မြင့်က အသံနေအသံထားနှင့် ဇာတ်ပွဲလူပျက်သံနှင့် ဟစ်လိုက်ရာ ခင်မြမြမှာ ခစ်ခနဲ အသံထွက်သွားလျက် ကိုယ်ကလေး သိမ့်သိမ့်တုန်အောင် ရယ်မောရင်း ...။

'မင်းသမီး မင်းသား နှစ်ပါးမသွားခင် တစ်ယောက်နဲ့တစ်ယောက် နှုတ်ခွန်းထောက်လှမ်းကြတာ ဆိုပါတော့' ဟု ပြောလိုက်ပြီးမှ ...

'ရယ်လိုက်တာ ... ကျုပ်နဲ့ အခုလိုနေရတာ ပျော်သလား ခင်မြမြ'

'ပျော်တာပေါ့ ဆရာ'

'ကျုပ်က ခင်မြမြထက် ပျော်သေးတယ်။ အခုလိုမနေရတဲ့တစ်နေ့ ကျုပ်အသည်းတွေ ဆွေးမြေ့သွားလိမ့်မယ်ထင်တယ်'

ခင်မြမြမှာ မျက်နှာကလေး လွှဲပစ်လိုက်ပြီး

'ခုနက ဆိုတဲ့ ပတ်ပျိုးဟာ ထိးဘွဲ့နန်းဘွဲ့ မဟုတ်ပါဘဲလား' ဟု ပြန်ကျော့သည့်အတွက်

'လုံးလုံးမဟုတ်ဘူးဆိုရင် မှားလိမ့်မယ်။ နတ်လားလူလား ခွဲခြားမရတဲ့အကြောင်းတွေ ပါနေတော့၊ သာမည မိန်းကလေးမျိုးကို ဆိုတာမဟုတ်ဘူး။ ရှေးက စာရေးဆရာတွေက မိဖုရားတွေကို မြှောက်ပင့်ဖို့ ဘုရင့်အတွက် ရေးပေးတာ။ ဒါပေမဲ့ ... အခုခေတ်အတွက်
mgyoe.com

mgyoe.com



တစ်ယောက်တော့ ခြွင်းချက်ထားရလိမ့်မယ်'

'ဘယ်သူတုန်းဆရာ ...'

'ခင်မြမြပေါ့'

'ဟင်း ... မဟုတ်တာ၊ ဆရာက' ဟု ပြောကာ ခင်မြမြသည် ရှက်ရယ်ကလေး ရယ်၍နေလေ၏။ ခင်မောင်မြင့်သည် ထိုင်ရာမှထလျက် 'ကဲ ... ခင်မြမြ တီးတော့။ အခုဆိုတာ တခြားသီချင်းတွေထက် လွယ်တယ်။ အနားက လိုက်ဆိုပေးမယ်။ ခင်မြမြ အနည်းအကျဉ်း ခေါက်မိရဲ့မဟုတ်လား'

'ဟုတ်ကဲ့ ဆရာ ...' ဟုပြောကာ စန္ဒရားနှင့်ကပ်လျက် ထိုင်လိုက်သဖြင့် ခင်မောင်မြင့်လည်း နံဘေးတွင် ယှဉ်၍ထိုင်ကာ သီချင်းကို စ၍ပေးလေ၏။ ခင်မောင်မြင့်၏ ဖြူဖွေးပျော့ပျောင်း လက်ချောင်းကလေးများသည် စန္ဒရားပေါ်၌ ဟိုတစ်မျိုး ဒီတစ်ဖုံ ခုန်ပေါက်ပြေးလွှားမြူးထူးကစားလျက်ရှိ၏။ ရွှေလက်ပတ်နာရီနှင့် စိန်စီလက်ကောက်ကလေးမှာ လက်ပြေးရာ လိုပါရင်း ဝင်းဝင်းလက်လက် အရောင်ချင်းယှက်လျက်ရှိ၏။ ပြည့်ပြည့်တင်းတင်းနှင့် နိမ့်ဆင်းမြင့်တက်။ ပခုံးကလေးနှစ်ဖက်မှာ အချက်ကျကျ အကွက်လှလှနှင့် က၍ပြနေသကဲ့သို့ရှိ၏။ ချေးညှော်မတင် ဖြူစင်သန့်ရှင်း ခင်မြမြ လည်ပင်းကလေးကို ရစ်ထွေးသွယ်ကျ တောက်ပသည့် ရွှေဆွဲကြိုးကလေးမှာ တိုးလို့တွဲလောင်းနှင့် ကြွဖောင်းသောရင်အုံအကြားတွင် ဒန်းလွှဲ၍ကစားနေသကဲ့သို့ ရှိ၏။

mgyoe.com

mgyoe.com



အမွေးအထုံ အကုန်ရှိသမျှ ခင်မြမြကိုယ်ကာယမှ အနံ့အသက်ကလေးသည် သက်ရှိဟူသမျှ ပိုးမွှားကမကျန် ပတ်ဝန်းကျင်လျှံအောင် ပက်ဖျန်းလျက်ရှိ၏။

ပတ်ပျိုးကား အဖိုးတန်၏။ ခင်မောင်မြင့် အဆိုပါးနပ်သဖြင့် အဖိုးမဖြတ်နိုင်ပေ။ 'မှန်ရဝေဆောင် ကိုယ်ရောင် (တိုက်ခန်းလင်း ၃) ဟန်တစ်ခါပြင် ရွှေစင်ဆယ်တင်း' ဟူ၍လည်းကောင်း၊ 'မျက်လုံးတော်ရောင် သောက်ရှူးကြယ်ညီနောင် (မြ မျက်တောင်) မင်ကော့ရွှန်း' ဟူ၍လည်းကောင်း၊ အညအစ္ဆဲ အတွဲ အနွဲ့တွေနှင့် အလှည့်ကောင်းသလောက် လေးနက်ရာတွင် နံဘေးချင်း ယှဉ်ထိုင်နေရာမှ တစ်ခါတစ်ခါ ကိုယ်ကိုကိုင်း၍ ပြုံးလိုက်တိုင်း ချစ်စရာကောင်းသော ခင်မြမြမျက်နှာကို အသားပါအောင် ကြည့်လိုက်သည့်မျက်လုံးသည် တစ်ဖက်လူကို မီးအုံးတော့မည်ကဲ့သို့ တောက်ပနေ၏။

'မူရာ ... မူရာစုံလင်၊ နတ်ပင်လူပင်လား ထင်ယောင်ထင်ဝိုးဝါး' ဟူသော အပိုဒ်သို့ရောက်လျှင် ခင်မြမြလက်ကလေးမှာ အလိုလိုရပ်သွားလျက် 'မှားနေပြီ ဆရာရဲ့... ဒီနေရာ မြလက်က မမှန်ဘူး' ဟု ပြောသဖြင့်–

'ဟင် ... ဟုတ်လား' ဟုပြောရာမှ စန္ဒရားဘက် ရုတ်တရက်ကြည့်လိုက်ကာ ခင်မောင်မြင့်က ပြန်၍တီးရန်ခိုင်းသည်တွင် ခင်မြမြက တီးပြလိုက်မှ။

'အေး ... ဟုတ်ပါရဲ့' ဟုပြောကာ 'တဲ .. တူနယ်... တဲ ... တူနယ်' စသည်ဖြင့် ပယ်ပယ်လယ်လယ်သီ

mgyoe.com

mgyoe.com

အောင် ပါးစပ်မှ တီးကွက်ကို ရွတ်ဆိုပြလေ၏။ ခင်မြမြ လိုက်တီးသော်လည်း မှန်ရာသို့မရောက်၊ တစ်ပေါက် တစ်လမ်းဖြစ်နေသောကြောင့် ခင်မောင်မြင့်သည် စိတ်ရှည်လက်ရှည် အခေါက်ခေါက်အခါခါ တီးပြ၍နေလေ၏။ ထိုအခါကား ခင်မောင်မြင့်သည် မူလထိုင်နေရာတွင် မဟုတ်တော့ချေ။ ခင်မြမြ၏ တင်သားအိအိကို ဖိထားရာဖြစ်သော ဖုံခင်းခုံရှည်ပေါ် ရောက်နေတော့ရာ လူနှစ်ယောက် ထိုင်နိုင်ရုံမျှရှိခြင်းဖြင့် ပြည့်ဖြိုးအိစက် ထိကိုင်ရက်စရာမရှိသော ခင်မြမြပေါင်သားအထက် သေးငယ်ချိုင့်ခွက်သည့် ထွာဆိုင်ခါးသို့ မရောက်တရောက် ပြည့်မောက်သော အောက်ကားကလေးမှာ ယောက်ျားတည်းဟူသော ဖိုခမြာ ခင်မောင်မြင့်၏နီးစပ်ရာဘေးသားကို နွေးသွားအောင် ဖန်တီးလျက်ရှိ၏။

'ခင်မြမြ မှတ်မိပလား၊ တီးစမ်းပါဦး' ဟု ခိုင်းတော့မှ ခင်မြမြမှာလည်း ရုတ်တရက် အသက်ဝင်လာသလို မျက်စိရောလက်ပါ စန္ဒရားပေါ်ရောက်သွားကာ ခင်မောင်မြင့်နည်းအတိုင်း လိုက်၍တီးလေ၏။ သို့သော်လည်း သေသေချာချာ ရေရာအောင်ပြစဉ်က ဂရုမစိုက်၍ပင်လော၊ တီးကွက်ကို လက်မမီ၍ပေလောမသိရ ယခင်က ထက်ပိုကဲပြီး ပတ်ချာလည်အောင် လွဲနေတော့ရာ–

'ဒီမှာကြည့်၊ နားစိုက်လည်းထောင်ဦး' ဟုပြောရာမှ 'ခင်မြမြလက်ကလေး မှန်သွားအောင် ကျုပ် ကိုင်ပေးမယ် ... ကိုင်မယ်နော်' ဟုပြောရင်းဆိုရင်း ခင်မြမြထံမှ
mgyoe.com

mgyoe.com


ထောက်ခံချက်မသွင်းမီ ခင်မောင်မြင့် လက်နှစ်ဖက်လုံးသည် ခင်မြမြလက်ညှိုးကလေးနှစ်ချောင်းကို ကောင်းကောင်းဆုပ်ကိုင်မိလျက်ဖြစ်နေလေ၏။

'မူရာ ... မူရာစုံလင်၊ နတ်ပင် လူပင်လား ...' မှစ၍ဆိုပြီး ခင်မောင်မြင့်သည် သီချင်းကို မရပ်တော့ဘဲ 'ခင်မေကို ကြင်ဆွေသဲဆိုင်နှောင်၊ ခိုင်မြဲအောင် ဆောင်စိတ်ကူး...၊ မောင်ရွယ်စူး ကြံပါမယ်လေလေ့ ... ကြော့မှုူးခင် ယုံတော့ကွယ် ...' သို့တိုင်အောင် ဆိုရင်းတီးရင်းရောက်ခဲ့ရာ ခင်မြမြလက်ကလေးမှာ သားတစ်စွန်ချီသလို ခင်မောင်မြင့်ချီရာသို့ လိုက်နေရပြီး တစ်ခါတစ်ခါ ညာသံမှ ဘယ်သံသို့ခုန်ပျံကူးကျော်လိုက်ခြင်းဖြင့် လက်ကလေးကို ရုတ်တရက်ဆွဲယူသွားရာတွင် လက်ကလေးသာမက ကိုယ်ကလေးပါယိမ်းပြီး ကတိမ်းကပါး ခင်မောင်မြင့်အနားတွင် လဲ၍များသွားတော့မလားဟု စိတ်ကပူ သွေးကဆူမိလေ၏။

'သဲတွင်ဝယ် ... ကြင်ချစ်လှိုင်း ...၊ ထင်မြင်တိုင်းတင့်လှတယ်၊ အို ... မိုးလယ်ဝေယံဖျား ... သူဇာထင်ရိုးမှား ...' ဟူသော အဆုံးသတ်ရောက်ပြီး ဖြည်းဖြည်းလေးလေး တအေးအေးနှင့် စန္ဒရားသံ ပျောက်သွားသည့်တိုင်အောင် ခင်မောင်မြင့်လက်မှာ ရုတ်တရက်မလွှတ်သေးဘဲ အသွေးအရောင် ပြောင်းလဲနေသော ခင်မြမြဘက်လှည့်ကာ ခင်မြမြ၏ နဖူးဆံစ မျက်ခုံး မျက်လုံးလှလှနှင့် ရှုရှုကလေးတင်ထားသကဲ့သို့သော နှာတံ၊

mgyoe.com

mgyoe.com


ကော့ပျံ့ ရယ်ပြုံးနေသကဲ့သို့ရှိသော ပါးစပ်နှင့် တဖျပ်ဖျပ်တုန်နေသကဲ့သို့ရှိသော ရင်သားတို့ကို အကုန်ခြုံလွှားပြီး စိမ်းစိမ်းစားစားကြည့်နေသလို ထင်ရလေ၏။ အတော်ကြာမှ လက်ကို တဖြည်းဖြည်းကြွလိုက်လျက်

'ခင်မြမြ ... ကျုပ်တပည့်မကလေးဖြစ်ပြီနော် ...'

'ဟုတ်ကဲ့ရှင့် ...' ခင်မောင်မြင့်ကို မကြည့်ဘဲ စန္ဒရားကိုသာ စိုက်ကာ ခင်မြမြသည် လက်ကိုပြန်ရုပ်သိမ်းလေ၏။

'ကျုပ်တောင်းတဲ့ ကတိကို ပေးရလိမ့်မယ်။ ရှေးကရေးထားတဲ့အထဲမှာ သီချင်းကြီး၊ သီချင်းခံ၊ ဘွဲ့ကြိုး၊ ပတ်ပျိုး၊ ယိုးဒယား၊ တလိုင်း၊ လေးထွေသံကပ်၊ မြင်းခင်း၊ နတ်ဒိန်းတွေ အမြောက်အမြားရှိတယ်။ ပူတာ၊ ပန်တာ၊ ဆွေးနာကျတာတွေ ဖယ်ထုတ်ပြီး သုတိသြဘာရှိတာချည်း တီးကြဆိုကြလို့ရှိရင် ဇမ္ဗူဒိပ် နိမိတ်ထွန်းဆိုသလို ဗမာတွေ နာလန်ထူလာနိုင်လိမ့်မယ်။ ပြီးတော့ ဗမာမပီတဲ့ ကပြားသံတွေကို မဆိုရဘူး။ ခင်မြမြက ကောင်းနိုးရာရာ ယူရတယ်လို့ဆိုတယ်။ ကောင်းနိုးရာရာဆိုတာ ရှေးသီချင်းထဲက အမြောက်အမြားရှိတာပဲ။ ယူနိုင်သားပေါ့။ ဥပမာ– ကောင်းကင်နဲ့ပတ်သက်ရင် ကောင်းကင်ကြိုး၊ ရေနဲ့ပတ်သက်ရင် သီတာ သီတာမြလား ... စတဲ့ ကြိုး၊ ဇာတ်တွေပွဲတွေမှာ သူခိုးတက်ခဏ်းပြရင် ချွတ်၊ လက်ဝှေ့ပွဲကျတော့ ဗိန်းမောင်းတီးရတယ်။ တချို့လက်ဝှေ့ပွဲကျင်းပတဲ့အခါ တီးစရာဘာမှမရှိဘူး။

mgyoe.com

mgyoe.com



ဘယ်လူမျိုးဖြစ်ဖြစ် တူတူပဲ။ ဒီတော့ ဗမာထက် ဘယ်သူစုံနိုင်၊ ကောင်းနိုင်ဦးမလဲ။ အခု ကျုပ် ခင်မြမြကို သွေးပြောင်းအောင်လုပ်နေတာ။ အဲဒါက ပထမသွေး၊ ဒုတိယသွေးကတော့ ...'

ခင်မောင်မြင့်ကား ဆက်မပြောတော့ချေ။ ခင်မြမြမှာမူ နောက်ဆုံးတစ်ခွန်းသာကြား၏။ စိတ်ဝင်စားဟန်လည်းမရှိ၊ လက်ချောင်းကလေးများနှင့် စန္ဒရားကို ကလိ၍နေသည့်တိုင်အောင် ထိုအခါသည် လေပြည်တိုက်ခတ်သဖြင့် လေပြေနှင့်အတူ စိတ်များသည် လွင့်စင်၍နေလေ၏။

ခင်မောင်မြင့်ထံမှ နောက်ထပ်၍ အကူအညီမရတော့ မှားသည်မှန်သည်မသိ၊ ထင်မိထင်ရာ တီးခြင်းဖြင့် ၃ ခါမျှ ကျော့မိပြီးနောက်။

'ကဲ ... ဆရာ၊ မြ ပြန်ဦးမှထင်ပါရဲ့'ဟု ခွင့်တောင်းသော မျက်နှာဖြင့် လှည့်ကြည့်လိုက်ရာ ခင်မောင်မြင့်သည် မိမိမျက်နှာကို ငေးစိုက်ကာ ကြည့်လျက်ရှိသည်ကို တွေ့ရလေ၏။ ထို့နောက်မှ မျက်တောင်ကို ၄-၅ ချက် ခပ်လိုက်ပြီး အိပ်ယာမှ လန့်နိုးသည့်အသံမျိုးဖြင့်။

'အို ... ပြန်တော့မလား၊ အစောကြီးရှိသေးတာပဲ နေပါဦးတော့'ဟု ပြောကာ ခင်မောင်မြင့်မျက်နှာသည် အသံနှင့်အတူ မပြန်စေချင်သေးသော အမူအရာတွေ များစွာပါလေ၏။ ခင်မြမြကား... ထိုင်ရာမှထလိုက်ကာ။

'နောက် လာဦးမယ်ပေါ့။ ရက်တွေအများကြီး

mgyoe.com

mgyoe.com



ရှိသေးတာပဲ။ မြက ကျင်ကျင်လည်လည်ဖြစ်မြောက်အောင် ဆည်းပူးချင်နေတာ ...'

လှေကားဘက်လှည့်လျက် ခြေလှမ်းရန် ဟန်ပြင်လိုက်လျှင်

'ရော့ ... ခင်မြမြ၊ ဒါ ယူသွားချည် ... မေ့ပြီးထားပစ်ခဲ့ဦးမလို့လား' ဟုပြောကာ ဆိုကာ ဂွမ်းစောင်အထုပ်နှင့် ပိုးထီးအဝါကလေးကို ပွေ့ယူကပ်လာသည့်အတွက်။

'အားနာစရာကြီးနော် ... အားနာလိုက်တာ၊ မြအတွက်နဲ့ ပိုက်ဆံကုန် လူပန်း လက်ဖက်ရည်နဲ့ မုန့်အတွက်ကလည်း ရှိသေးတယ်။ မြတို့ပစ္စည်း ဒီတိုက်ကြီးပေါ်တော့ တစ်ခါမှ မရောက်သေးဘူး။ နို့ ... ဒီထီးမှာ ခင်မြမြဆိုတဲ့ နာမည်ကလေးထိုးပေးမယ်ဆို၊ နောက်မှ အားလုံးယူပါရစေလား'

'အေ ... ဟုတ်သားပဲ။ ဒါဖြင့် ဒီထီးကလေး ထားခဲ့လေ၊ စောင်တော့ ယူသွားချည့် ... ရော့ ရော့' ဟု လှေခါးမှ ဆင်းရင်းပြောရင်း လှေခါးတစ်ဝက်အကွေ့ရောက်လျှင် ခင်မောင်မြင့်က ခင်မြမြအား ဆီးဆီးကာကာ ရပ်လိုက်ပြီးနောက် စောင်ကိုဖြန့်လျက် ခင်မြမြကိုယ်ပေါ်လွှမ်းတင်လိုက်ရာ ခင်မြမြကား မည်သို့မျှ ဆင်ခြေမပေးနိုင်။ ခြေစုံရပ်ရင်း ငိုင်နေရလေ၏။ ခင်မောင်မြင်မျက်လုံးများသည် အားရနှစ်သိမ့်သော အမူအရာနှင့် အတော်ကြာ စေ့စေ့ကြည့်နေလျက်။

'သိပ် ကြည့်ကောင်းတာပဲ ... ကိုယ်ရောင်တိုက်ခန်း

mgyoe.com

mgyoe.com



လင်းဆိုတာ ဒါမျိုးပေါ့။ လှတယ်၊ လှတယ် ... ကျုပ်နှမလေး ဆင်တိုင်း တက်တယ်’ဟု ခင်မြမြပခုံးကလေးပေါ် ပြေးတက်လာသလို လက်နှစ်ဖက်သည် လျင်မြန်စွာ ရောက်လာလျက် လှုပ်ကာ လှုပ်ကာ ပြောလေ၏။ ခင်မြမြ မျက်နှာမှာ တစ်ချက်အောက်စိုက်သွားပြီးမှ လက်ကို မသိမသာ ဖယ်ချရင်း စောင်ကလေးကို ရစ်ထွေးခေါက်ကိုင်ကာ။

‘ဒီအချိန် အိုက်လှပါတယ် ... ခြုံချင်ပါဘူး။ ချမ်းချမ်းအေးအေးဖြစ်လာမှ ခြုံတာပေါ့’ဟုပြောလျက် ချိုင်းကြားထဲ ညှပ်လိုက်ကာ ဆက်လက်ဆင်းသက်သွားသဖြင့် ခင်မောင်မြင့်သည် ပိုးထီးကလေးကို ရှေ့နောက်လွှဲရင်း ကျန်ရစ်လေသတည်း။ ။

■

mgyoe.com

mgyoe.com

# အခန်း (၅)

၅ ရက်မျှ ကြာ၍သွားလေ၏။ ထို ၅ ရက်အတွင်း ခင်မောင်မြင့်တိုက်ဘက်သို့ ခင်မြမြ တစ်ခေါက်မျှ မရောက်ချေ။ ခင်မောင်မြင့်ထံမှ ပြန်လာသောနေ့ အိပ်ရာမဝင်မီ ၈ နာရီခွဲ၊ ၉ နာရီလောက်တွင် တစ်ပိုင်းတစ်စ ရခဲ့သော (ပပဃယ်လေဝင်းဝင်း ပတ်ပျိုး) ကို တိုးတိုး သီဆိုရင်း တီးကွက်ကို ကြေအောင် လေ့ကျင့်ရာတွင် တစ်ဖက်တိုက်ကြီးပေါ်မှ ခင်မောင်မြင့်၏ ကျောင်း၍ တီးပြခြင်းဖြင့် ရှင်းရှင်းလင်းလင်း ရခဲ့လေ၏။

နောက်တစ်နေ့ ထမင်းစားသောက်ပြီးစီး၍ နေ့လယ် ၁၁ နာရီ ၁၂ နာရီနီးပါးရှိသောအခါ မနေ့က အဖြစ်အပျက်များကို ခင်မြမြ သတိရစပြုရာ သတိရ၍မကြာမီပင် တစ်ဖက်တိုက်ကြီးပေါ်မှ ဒေါင်–ဒေါင်–ဒေါင် ဟု တစ်နေရာတည်းကို ခေါက်လိုက်သော စန္ဒရားသံကို ကြားရလေ၏။ ထိုအသံကို ကျောင်းတက်ခေါင်းလောင်းဟု ယူဆလေသလားမသိရ။ မကြာခဏ ထွက်ပေါ်လာ

mgyoe.com